ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်၊ တနင်္လာနေ့၊ (9-8-2004) (၄၃၂၀)

ကာလေန ဓမ္မဿဝနံ တေံ မင်္ဂလ မုတ္တမံ။

သင့်လျော်သော အခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရာသီဥတု ခန့်မှန်းချက်

မှာရန် ရာနှုန်းပြည့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်ကာပူသမ္မတနိုင်ငံ နှစ်ပတ်လည်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၉

၂၀၀၄ခုနှစ် ဩဂုတ် ၉ ရက်၌ ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာအက်စ်အာရ်နာသန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် သုံးဌာန သာသနာတော်ပူဇော်ပွဲအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်ကြည့်ရှု

ရန်ကုန် ဩဂုတ် ၈

ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းဆက်ကပ်လှူဒါန်းခြင်း၊ သာသနကုံရစာအောင်ဆုနှင့် အောင်လက်မှတ်ကပ်လှူခြင်းနှင့် ပြည်လုံးချမ်းသာ ကျောက်လမ်းမကြီး အလှူငွေ စုပေါင်းရေစက်ချ အလှူမင်္ဂလာသုံးဌာန သာသနာတော် ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် သာသန မဟာပါကာရဝိနပဥဿဝ ရာပြည့်ဓမ္မာရုံတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည့်ရှုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပဲခူးမြို့ ရန်ကုန်–ပဲခူး ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ထားကိုးကွယ်နေသည့် တမ္ဗလောဟ မဟာမုနိသွန်းတော်မူ ရုပ်ပွားတော်ကြီး တည်ထားမှု လုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စင်ကာပူဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၉

၂၀၀၄ ခုနှစ် ဩဂုတ် ၉ ရက်၌ ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၃၉)နှစ်မြောက် နှစ်ပတ်လည် အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှောက်လွန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၈-၂၀၀၄ (တနင်္လာနေ့)

ထက်မြက်သည့် စွမ်းအားများ အသုံးပြု ရပ်ရွာဒေသဖွံ့ဖြိုးရေး ပူးပေါင်းကြိုးပမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစီမံကိန်းကြီးများအနက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်စီမံကိန်းတို့ကို တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များသည် ပြည်နယ်နှင့်တိုင်း ဒေသအနှံ့သို့သွားရောက်၍ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ စီးပွားရေး တိုးတက်မြင့်မားရေးအပါအဝင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၃ ရက်နေ့က မန္တလေးတိုင်း မြင်းခြံမြို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရီးစဉ်အတွင်း မြင်းခြံမြို့ မဏ္ဍကဋ္ဌနာခန်းမတွင် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြင်းခြံစက်မှုဇုန်ကော်မတီဝင်များနှင့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာ၌ **စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ထက်မြက်သည့် စွမ်းအားကို ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်အကျိုးရှိစွာအသုံးပြုပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုများဖြင့် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် ဌာနဆိုင်ရာတာဝန်ရှိသူအားလုံးက တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန်** မှာကြားသွားသည်။

နိုင်ငံတော်အစိုးရက မြင်းခြံခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ပေးဖွယ်ရာများကို စီမံဖြည့်ဆည်းပေးထားပြီးဖြစ်သည်။ ဒေသရေရှည် ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းပြီး ဒေသတွင်း ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် မြင်းခြံဒီဂရီကောလိပ်နှင့် မြင်းခြံစက်မှုလက်မှုသိပ္ပံတို့ကို တည်ဆောက်ဖွင့်လှစ်ပေးထားပြီဖြစ်သည်။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် လိုအပ်သည့်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိသည်။

အထူးသဖြင့် ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန်ဆည်တမံနှင့် မြစ်ရေတင်စီမံကိန်းများကို ဧရာဝတီမြစ်တစ်လျှောက် တည်ဆောက်ပေးခဲ့သည်။ စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက် မြင့်မားရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဒေသနှင့်ကိုက်ညီ ဖြစ်ထွန်းမည့် သီးနှံအထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းစနစ်များပံ့ပိုးပြီး တောင်သူလယ်သမားများအား ဦးဆောင်သွားကြရမည်ဖြစ်သည်။

အလားတူ မွေးမြူရေး ကဏ္ဍတွင် ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်ရေး သုတေသနပြုလုပ်ခြင်း၊ ဒေသတွင်းဖြစ်ထွန်းမည့် တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ မွေးမြူရေးနည်းစနစ်များ ပံ့ပိုးခြင်း၊ စံပြမွေးမြူရေးခြံများ ထူထောင်ခြင်း လုပ်ငန်းများကို စီမံချက်များ ချမှတ်လုပ်ကိုင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်အစိုးရက တည်ဆောက် ဖန်တီးပေးထားသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများနှင့်အညီ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ထက်မြက်သည့်စွမ်းအားကို ထိရောက်အကျိုးရှိစွာအသုံးပြုပြီး မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဩဂုတ် ၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၅နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အလယ်တောရစံပြစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောသလ္လ၊ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့၊ ကမာရွတ်မြို့နယ် သံဃနာယကအဖွဲ့တို့မှ ဆရာတော် သံဃာတော်များ၊ အလယ်တောရစံပြစာသင်တိုက်မှ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကိုနမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလယ်တောရ စံပြစာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသထံမှ အတွင်းရေးမှူး(၂) နှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အလယ်တောရ စံပြစာသင်တိုက်ပဓာန နာယကဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အတွင်းရေးမှူး(၂)နှင့် ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့်အတူ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဝန်ကြီးဦးဝင်းအောင် စင်ကာပူနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၉

၂၀၀၄ခုနှစ် ဩဂုတ် ၉ရက်၌ ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ပရော်ဖက်ဆာ အက်စ်ဂျာယာကူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ (သတင်းစဉ်)

ဖြူးမြို့နယ်အသင်း(ရန်ကုန်)နှင့် ဗုဒ္ဓသာသနနုဂ္ဂဟ အကျိုးတော်ဆောင်အဖွဲ့ ပဉ္စမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၁ရက်က ကမာရွတ်ဘူတာရုံအနီးရှိ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပရာ ပြည်တွင်း၊ ပြည်ပ မဟာစည်နာယက၊ ဓမ္မကထိက ဗဟုဇနဟိတဓရ သာသနဓမ္မာစရိယ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ အမှူးရှိသော ပင့်သံဃာတော်များအား အသင်းဥက္ကဋ္ဌနှင့် အသင်းသူ၊ အသင်းသားများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဩဂုတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဂျပန်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာယုဂျိ၊ မိယမိုတို၏နေရာတွင် မစ္စတာနိုဘုတာကဲ့၊ အိုဒါနိုအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာအိုဒါနိုသည် ၁၉၄၈ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၆၉ ခုနှစ်တွင် အဆင့်မြင့် သံတမန်ဆိုင်ရာစာမေးပွဲကိုအောင်မြင်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ကဲအိုးတက္ကသိုလ်မှ ဘောဂဗေဒဘာသာရပ်အဓိကဖြင့် ဘွဲ့ရရှိခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဝင်ရောက်အမှုထမ်းခဲ့သည်။

ထိုအချိန်မှစ၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ၊ ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံများရှိ ဂျပန်သံရုံးများနှင့် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ ဂျပန်ကောင်စစ်ဝန်ချုပ်ရုံး၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ မစ္စတာအိုဒါနိုသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ နိုဘုတာကဲ့၊ အိုဒါနိုသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။ (သတင်းစဉ်)

အနေမဝေးကြသူများ

မောင်ဆုရှင်

လွန်ခဲ့သော ဆယ်နှစ်က မျက်နှာများကို ပြန်ဆုံတွေ့ရသည်။ စကားလက်ဆုံ မပြောဖြစ်ခဲ့ကြသော်လည်း စိတ်ထဲတွင် ရင်းနှီးပြီးသားဖြစ်၏။ သို့သော် အချို့မှာ ညိုသွား၏။ အချို့မှာ အိုသွား၏။ ထိုစဉ်က မကြာခဏဆိုသလို နေ့စဉ် တွေ့ခဲ့ရသူတို့ထဲမှ ကိုယ့်ပတ်ဝန်းကျင်၊ သူ့ပတ်ဝန်းကျင်တွင် လောကကို စွန့်ခွာသွားခဲ့ရသူတို့လည်း မရှား။ ခွဲခွာရသူတို့ကို သတိရခြင်းသည် သူတို့အားထုတ်လက်စ လက်ငုတ်ကို ဆက်လုပ်ခြင်းဖြင့် မိမိနိုင်ငံအတွက် လူမှုဝန်တာ ကျေပွန်၍ ဟာသွားသောစိတ်ကို ဖြေဖျောက်နိုင်စရာအကြောင်းဟု ဆိုရမည်။

သို့ဖြင့် မော်ဘီမြို့နယ်အတွင်းရှိ ညောင်နှစ်ပင်စခန်းသို့ ရောက်ခဲ့သည်။ ကျိုက္ကဆံကွင်းမှာတုန်းကလို ခြေချဖူးသော မြေမဟုတ်၊ ယခုမှ ခြေချမိ၍ ဝန်းကျင် အခင်းအကျင်းကို မျှော်ကြည့်ရသည်။ အစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမ မုခ်ဦးဆောင်မှ အရပ်လေးမျက်နှာသို့ ကြည့်သောအခါ မှတ်သားရန် မြေပြင်အခင်းအကျင်းဟူ၍ မမြင်သာ။ ညောင်နှစ်ပင်၏ မိုးကုတ်စက်ဝိုင်းတွင် ခင်တန်း၊ တောအုပ်၊ စိုက်ခင်းတို့မှလွဲ၍ မြေပြင်အမှတ်အသားမရှိ။ သို့သော် အမြင်မှား၊ အမှတ်မှားစရာမရှိ။ မုခ်ဦးဆောင်ထိပ်၌ တလူလူလွင့်နေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံက တို့ပြည်တို့နိုင်ငံပေတကားဟု အသိပေးလျက်ရှိနေသည်။

မကြာမီ လေ့ကားထစ်များကိုနင်း၍ ခြေလှမ်းချင်းပြိုင်လျက် တက်လာကြသောသူတို့ကို မြင်ရသည်။ အမျိုးသားဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ တူညီဝတ်စုံ၊ လုပ်ငန်းဝတ်စုံတို့ဖြင့် တစ်သုတ်ပြီးတစ်သုတ် ရင်ပေါင်တန်းလျက်၊ ရှေ့နောက်စီလျက် တဖွဲဖွဲလာနေကြသည်။ ထိုအသုတ်များထဲ၌ ရောင်စုံဝင့်လျက်၊ ပဝါလေမှာ လွင့်လျက်၊ ဦးရစ်ခေါင်းစီးကို အကြော့အမော့ ပတ်ရစ်လျက် တည်ငြိမ်သော တင့်တယ်ခြင်းဖြင့် ဟိုတစ်စုသည်တစ်စု အုပ်စီးမပျက် ပါလာသူတို့ကား တိုင်းရင်းသူအမျိုးသမီးများဖြစ်ကြသည်။ သူတို့ကို ကြည့်လျှင် ကိုယ့်နိုင်ငံ၊ ဘယ်ရေမြေ၊ ဘယ်လွင်ပြင်၊ ဘယ်ကုန်းမြင့်၊ ဘယ် တောင်တန်း ဒေသမှ ရောက်ရှိလာကြသည်ကို ရင်းနှီးကျွမ်းဝင်နေပြီးသော မျက်စိက ရိပ်စားမိနိုင်လောက်သည်။

ဝင်လာသော အုပ်စုတို့ထဲမှ တစ်ဦး၊ နှစ်ဦး၊ သုံးဦးတို့ကို မုခ်ဦးဆောင် လေ့ကားထိပ်တွင် ရုံးစုနေကြသည့် လူစုထဲမှ တစ်ဦး၊ နှစ်ဦး၊ သုံးဦးတို့က လှမ်း၍ နှုတ်ဆက်သည်။ လက်ဖျော့ယမ်း၍ ခွန်းတုံ့ပြန်သည်။ သူတို့ထဲမှ တစ်ဦးနှင့်တစ်ဦး ဖက်လဲတကင်း လက်ကိုဆွဲကာ စကားဆိုနေကြသူတို့ကိုလည်း တွေ့နိုင်သည်။ သူတို့ချင်း ဘာကိုဆို၍ ဘယ်လိုအကြောင်းဖြင့် ဆုံတွေ့ ပြောကြားနေသည်ကို မသိနိုင်။ သို့သော် မာကြောင်း၊ သာကြောင်း၊ ပြန်ပြောင်း၍ ရင်းနှီးမှုဖြင့် မေးထူးခေါ်ပြောပြုလုပ်နေကြမည်မှာ သေချာသည်။

ခဏကြာလျှင် သူတို့တက်ရောက်ကြောင်း မှတ်တမ်းပြုသည့် ကိုယ်စားလှယ်လက်မှတ်ပုံစံများ ကိုယ့်အစုနှင့်ကိုယ် ဖြည့်ပြီးကြပြီ။ ခန်းမတွင်း စကြံ၌ စကားဆက်သူဆက်၊ ခန်းပြင်ထွက်သူထွက်၊ နေရာယူသူယူဖြင့်ရှိရာမှ အနီရောင်စင်မြင့်ကြီးထက်မှ အချက်ပေးခေါင်းလောင်းနှင့်အတူ တေးသံမြူးကြွလည်း ရပ်နားလျက် အလုပ်သဘော စလေသည်။ အစီအစဉ်များ တစ်ခုပြီးတစ်ခုကို နားစိုက်လျက်က လက်ခုပ်သံများက ရံဖန်ရံခါ ခန်းမနံရံတို့ကို ပဲ့တင်ထပ်သွားသည်။

ဤကား ညောင်နှစ်ပင်ခန်းမ၌ လုပ်ငန်းသဘော အစီအစဉ်များ ပြုလုပ်စဉ် တွေ့ရသော မြင်ကွင်းဖြစ်သည်။ ဦးရေအားဖြင့် တိုင်းရင်းသား တစ်ထောင်ကျော်နှင့် ထိုအရေအတွက်မျှမကသော ပံ့ပိုးသူ ရုံးအဖွဲ့၊ အကူအဖွဲ့တို့ ပျားပန်းခပ်နေသောအကြား၌ ကိုယ့်အသိ၊သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဟောင်းတို့ကို တွေ့ချင်တိုင်း တွေ့နိုင်ခြေမရှိ။ အားလပ်ချိန်များမှသာ ပက်ပင်းတွေ့ရတတ်သည်လည်း ရှိသည်။

ထိုအားလပ်ချိန်မျိုးတွင် တစ်ဦးကလာ၍ လက်တို့သည်။ “ကျွန်တော်က မကွေးတိုင်းကလေ”ဟု သူ့ကလောင်နာမည်ကို ပြောသည်။ တစ်ဦးက “ဆရာတို့ ကချင်ပြည်နယ်ကို လာတုန်းကလေ”ဟု နောက်ကြောင်းဖော်သည်။ “ရှမ်းပြည်နယ် (မြောက်ပိုင်း)ကို စာပေဟောပြောပွဲအတွက် တစ်ခေါက်လာဦးလေဗျာ”ဟု ပခုံးပုတ်၍ ရင်းနှီးစွာ ဖိတ်သူက ဖိတ်သည်။

ထိုအချိန်၌ ငယ်ပေါင်း ကဗျာဆရာ ခွဲစိတ်ကုသမားတော်ကြီးနှင့် ပြန်ဆုံရသည်။ မိတ်ဆွေ ဂီတဆရာကြီးနှင့် နေ့စဉ် ခန်းမထဲ၌ ကြားရသော ကုမုဒြာ ကြာပန်းအကြောင်းကို စကားစပ်မိသည်။ ကဗျာဆရာ တေးပြုသူနှင့် သူ့သီချင်း စာသားအကြောင်း ပြောရသည်။ မမျှော်လင့်ဘဲနှင့် အထက်အညာ ရွှေမန်းဆီမှ မြန်မာ့ယဉ်ကျေးမှု သုတေသီတစ်ဦးကို မာကြောင်းသာကြောင်း မေးရသည်။ ရုပ်ရှင်ပညာသည်ကြီးတို့နှင့် ဆုံခိုက်ကြုံခိုက် မတွေ့တာကြာကြပုံကို လောကဝတ်ပြုရသည်။ ဤသို့လျှင် တစ်ပတ်ကျော်ခန့် ကြာသောအခါ ခန်းမထဲတွင် မျက်နှာစိမ်းများပင် မျက်နှာကျက်များ ဖြစ်သွားကြလေသည်။

တစ်ခုသော အားလပ်ချိန်တွင် အငြိမ်းစား အရာရှိကြီးတစ်ဦးက “ခင်ဗျားကို ရေဒီယိုထဲမှာ အသံပဲကြားနေရတယ်ဗျာ”ဟု ဖက်လဲတကင်း နှုတ်ဆက်သည်။ ကိုယ့်ဇာတိမြို့မှ ကိုယ်စားလှယ်ကြီးကို ၁၉၉၃ ခုနှစ်ကလည်း တစ်ကြိမ်ဆုံခဲ့ကြ၍ ယခု ပြန်ဆုံသောအခါ “ခင်ဗျားမြို့ပြန်ရောက်ရင် မှတ်မိစရာတောင် မရှိဘူး၊ လမ်းသာသွားပြီဗျ၊ လာခဲ့ဦး”ဟု ဆိုကာ ငယ်ပေါင်းမိတ်ဆွေများအကြောင်းကို စကားစပ်ရသည်။

ဆိုင်ကနားများဘက်သို့ ရောက်ပြန်၏။ ဝင်းသူဇာဆိုင်မှအထွက် မျက်နှာသိတို့က ပြုံးပြသွားကြသည်။ ကိုယ်က ခေါင်းညိတ်ရိကျိုး၍ တုံ့ပြန်ခြင်းကပင်လျှင် သူတို့ကို ကိုယ့်ထက် အရွယ်ငယ်သော်လည်း လေးစားပါကြောင်း အမူအရာနှင့် နှုတ်ဆက်လိုက်ရသည်။ ဆံပင်ညှပ်ဆိုင်တွင် မျက်မှန်မေ့ကျန်ရစ်သောအခါ လက်ဖက်ရည်ဆိုင်ဘေးမှ ကိုယ့်နာမည်ကို အော်ခေါ်၍ ကိုယ့်ပစ္စည်း ပြန်လာပေးအပ်သည်။

အားလပ်သောတစ်ချိန်၌ စီးပွားရေး စွန့်ဦးတီထွင်သူ ဒေါက်တာကြီး တစ်ဦးနှင့်လည်း စကားလက်ဆုံကြဖြစ်သည်။

နေ့လယ်စာ ထမင်းဝိုင်းတွင် အတူစားသောက်ရင်း မနုသဿဆရာကြီးက “တချို့တိုင်းရင်းသားများရဲ့အမည် အခေါ်အဝေါ်တွေထဲမှာ လူပါပဲလို့ မိမိကိုယ်ကို ဂုဏ်ယူပြီးဆိုတဲ့ အဓိပ္ပာယ်ကို ဆိုလိုတယ်ဗျာ’ဟု သူကျွမ်းကျင်ရာ နယ်ပယ်မှ ရှုထောင့်တစ်ကွက်ကို လှစ်ဟပြောသည်။ ဤတွင် ကိုယ့်ပြည်အနှံ့ လှည့်လည် တာဝန်ထမ်းဆောင်ခဲ့ရသော တူညီဝတ်စုံဝတ် အရာရှိကြီးတစ်ဦးက ဝင်၍ ဆရာမနုသဿ၏ စကားကို ထောက်ခံဖြည့်စွက်သည်။ လူသားဟူသော အားမာန်ကို ဖော်ပြလိုသည့် စိတ်ထားရှိခြင်းကိစ္စကို စိတ်ထဲတွင် ကျေနပ်နေမိ၏။

ဤသို့ဖြင့် ကိုယ်နှင့် အနေမဝေးကြသူတို့နှင့် ဆုံစည်းခဲ့ရသည်။ ကိုယ်သိကျွမ်းသမျှ၊ ကိုယ့်ကို သိကျွမ်းသမျှ အားလုံးသောသူများနှင့် မျက်နှာချင်းပင် မဆုံလိုက်ရသူတွေလည်း ရှိသည်။ အစည်းအဝေး ကျင်းပနေစဉ် ခန်းမရှေ့၌ ရုပ်မြင်သံကြား ဖန်သားပြင်ကြီးတွင် ပေါ်လာသော ပရိသတ်တစ်စိတ်တစ်ပိုင်းထဲ၌ အမှတ်မထင် မြင်လိုက်ရသည့် စူးစိုက်နေသည့် မျက်နှာတချို့ကို တွေ့ရမှ “သြော်–သူလည်း ပါသကိုး”၊ “သူနဲ့ မဆုံဖြစ်တာလည်း ကြာပြီ”၊ “ဆက်သွယ်ပြီးပြောစရာလုပ်ငန်းတွေ သူနဲ့ရှိသေးတာ”ဟူ၍ အတွေးပေါ်ရ သည်။ လာချင်ရင် အနီးကလေး၊ ခရီးမဝေးကြကြောင်း စာဆိုရှိနေခဲ့သည် မဟုတ်ပါလား။

ညီလာခံ ရပ်နားလိုက်သည့် နေ့လယ်က ကျိုင်းတုံဇာတိ လုပ်ငန်းတူ မိတ်ဆွေအမျိုးသမီးအား “မြို့ထဲကို ကားကြုံပြန်လိုက်မှာလား”ဟု မေးသောအခါ “လိုက်မလို့ပဲ၊ ဒါပေမယ့် သူက ခေါ်ထားလို့”ဟု ကျိုင်းတုံမှ ရောက်လာသော သူ့မိတ်ဆွေ၊ ကိုယ့်မိတ်ဆွေ အမျိုးသမီးကြီးဆီသို့ မေးထိုးပြသည်။ “သြော်–

သူတို့သည် ပွင့်လင်းရာသီ၌ ပြန်၍ ဆုံကြဖို့ရှိသည်။ ရာသီပွင့်လင်းခြင်းနှင့် အတူ စိတ်အနေ ပွင့်လင်းခြင်းတို့ကို ဤတစ်ကြိမ်ကဲ့သို့ပင် တစ်ပါတည်း ဆောင်ကြဉ်းလာကြဖို့ရှိသည်။ ထိုအခါမျိုး၌ “အနေမဝေးကြဘူး” ဟူသော သွေးသားထဲမှ အတွေးများ ယခုကဲ့သို့ပင် ကိုယ်စီ ပါကြလိမ့်မည်သာ။

ခွဲကြရတော့မှာကိုး”ဟု ပြုံး၍ပြောရာ “ဘယ်က ခွဲရမှာလဲ၊ နောင်မကြာခင် ပြန်ဆုံရဦးမှာလေ”ဟု ကာယကံရှင်က အားတက်သရောပြောသည်။ ဟုတ်ပေသားပဲ။

သူတို့သည် ပွင့်လင်းရာသီ၌ ပြန်၍ဆုံကြဖို့ ရှိသည်။ ရာသီပွင့်လင်းခြင်းနှင့် အတူ စိတ်အနေ ပွင့်လင်းခြင်းတို့ကို ဤတစ်ကြိမ်ကဲ့သို့ပင် တစ်ပါတည်း ဆောင်ကြဉ်းလာကြဖို့ရှိသည်။ ထိုအခါမျိုး၌ “အနေမဝေးကြဘူး” ဟူသော သွေးသားထဲမှ အတွေးများ ယခုကဲ့သို့ပင် ကိုယ်စီ ပါကြလိမ့်မည်သာ။ လူအနေမဝေးခြင်းသည် စိတ်အနေမဝေးခြင်းကို ဖန်တီးမြဲဖြစ်သည်။ စိတ်အနေမဝေးခြင်းသည် လူအနေမဝေးခြင်းကို ဖန်တီးပေးတတ်မြဲဖြစ်သည်။ အကြောင်းခံချင်း သဟဇာတဖြစ်သောကြောင့် ဖြစ်သည်။ သဟဇာတဟူသည်ကို စကားအလှဖြင့်သာ ဆိုခြင်းမဟုတ်နိုင်။ မြောက်ဖျားမှစီးသော မြစ်မ ကြီး၊ငယ်တို့သည် တောင်စွန်း၌ တသွင်သွင်းစီးဝင်သကဲ့သို့ အရှေ့နှင့်အနောက် သွယ်ဖြာသော တောင်တန်းကြီးများက ကာရံပေးသကဲ့သို့ မေတ္တာခြုံလျက် လုံရသော တိုင်းရင်းသားတို့ပါတကား။

ယခု သူတို့နေရပ်သို့ပြန်ကြလေပြီ။ ဦးဆောင်ကျင်းပသော တာဝန်ခံတို့က ကိုယ့်အိမ်၊ ကိုယ့်ရာ၊ ကိုယ့်မိသားစုနှင့်ခွာ၍ ယခုလို အမျိုးသားညီလာခံကြီး၌ အောင်မြင်ချောမောအောင် မိမိတို့၏ ဆန္ဒနှင့်ဘဝကို သဟဇာတဖြစ်အောင် သုံးသပ်ကြပြီး စုပေါင်းဆုံစည်း၍ ညှိနှိုင်းကြသူတို့အား ကျေးဇူးတင်ပါကြောင်း၊ ဌာနေပြန်ခရီးတွင် ဘေးမသီရန်မခ ချောမောသောခရီး ဖြစ်စေလိုပါကြောင်း၊ နောက်တစ်ကြိမ် ပြန်၍ဆုံကြလျှင် ယခုအဆင်ပြေခြင်းထက် နေသာတကျ ဖြစ်စေသော အစီအစဉ်များကို စီမံဆောင်ရွက်ထားမည်ဖြစ်ကြောင်း စင်မြင့်ဆီမှ နှုတ်ခွန်းဆက်ရင်း၊ အဆောင်များ၌ လိုက်လံ၍ တကူးတက နှုတ်ဆက်မှာကြားခဲ့ကြသေးသည်။

ယခုဆိုလျှင် ရက်သတ္တခုနစ်ပတ်မျှ တစ်နေရာတည်းတွင် အတူတကွ ဆုံစည်း၍ တစ်ခုတည်းသော အာရုံကိုစူးစိုက်လျက် အနာဂတ် မြန်မာနိုင်ငံတော်အတွက် အခြေခံမှုများကို အပြန်အလှန် ညှိညှိနှိုင်းနှိုင်းတိုင်တိုင်ပင်ပင် ဆွေးနွေးခဲ့ကြသော သူတို့သည် ကိုယ့်အိမ်ကိုယ်ရာ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်၍ရောက်ကြပြီ။ အမှန်စင်စစ်သူတို့ မှီတင်းရာ ဤပြည်ထောင်စုကြီးသည် သူတို့ဇာတိ ချက်မြှုပ် သူတို့အိုးအိမ်သာ ဖြစ်ပေသည်တကား။ ∎

ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုး

ဟိုပင် ဇူလိုင် ၂၆

ဟိုပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာရေးအတွက် ဇူလိုင် ၂၁ ရက်က မြသီတာရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ၊ ယာတွင် ပန်းအလှပင်နှင့် အရိပ်ရပင် ၂၀၀၀ ကျော်ကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအင်ခွန်အောင်၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်းစိုက်ပျိုးကြသည်။

ပါဝင်ဆောင်ရွက်

သစ်ပင်စိုက်ပျိုးရာသို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသာမြင့်အောင်နှင့် တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့မဈေး သန့်ရှင်းရေး ဆောင်ရွက်

မိုးညှင်း ဇူလိုင် ၂၃

မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အမှိုက်များ ရှင်းလင်းသိမ်းဆည်းခြင်း၊ ခြင်၊ ယင်များ မပေါက်ပွားစေရေးနှင့် အနံ့အသက်များ ကင်းရှင်းရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်ယူခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုဦးစီးမှူး(ဈေး) ဦးသန်းဝင်းနှင့်အဖွဲ့ ဝန်ထမ်းများ၊ မြို့မဈေး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ဈေးသူ၊ ဈေးသားများ စုပေါင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

သန့်ရှင်းရေးဆောင်ရွက်ရာတွင် ဦးစီးအရာရှိ ဒေါ်ငွန်ကြီးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မျိုးထွေးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် အဖွဲ့ ကြာအင်းဆိပ်ကြီးမြို့နယ် အမှုဆောင်အရာရှိ ဦးစံလွင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဒု–လက်ထောက်အင်ဂျင်နီယာ ဦးစောဟား လိုက်ပါလျက် ဇွန် ၂၁ ရက်က ကြာအင်းဆိပ်ကြီးမြို့ ဇမိရတနာဈေး သန့်ရှင်းရေးနှင့် ရေနုတ်မြောင်းများအား ကွင်းဆင်းစစ်ဆေးစဉ်။
(ပြည်နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉–၈–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** – The Family (ဒုတိယနှစ်၊ အိမ်တွင်းစီးပွား)
- ၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၅၀ ၁၈။ မေးမြန်းစူးစမ်း
- ၇:၀၀ ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ရတနာရွှေအိုး” (အပိုင်း–၂၃)**
- ၈:၀၀ ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၃။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပြည်သူ့တရားရှင်၊ အဆိပ်မယ်နှင့်ငါးဒေဝီ” (အပိုင်း–၁)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

ဂွာတာနာမိုစခန်းမှ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှု နောက်ထပ် စွပ်စွဲချက်များကို ဗြိတိန်နှင့် အမေရိကန်တို့ ထပ်မံ ရင်ဆိုင်နေရ

လန်ဒန် ဩဂုတ် ၆

ဗြိတိသျှ အကျဉ်းသားသုံးဦးက ကျူးဘားနိုင်ငံရှိ အမေရိကန် ရေတပ်အခြေစိုက်စခန်းတွင် ထိန်းသိမ်းခံခဲ့ရစဉ်အတွင်း ထပ်ခါတလဲလဲ နှိပ်စက်မှုခံခဲ့ရကြောင်း ပြောကြားခဲ့ပြီးသည့်နောက်တွင် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဂွာတာနာမိုအကျဉ်းစခန်းမှ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ နောက်ထပ်စွပ်စွဲမှုများနှင့် ရင်ဆိုင်နေရပြန်ပြီဖြစ်ကြောင်း ဂါဒီယန်နေ့စဉ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားထားသည်။

အကျဉ်းသားများ ဖြစ်ခဲ့ကြသည့် ရှုဟယ်အာမက်၊ ရှာဖစ်ရာဆူးနှင့် အဆစ်အစ်ဘယ်တို့က ၎င်းတို့၏ အဖြစ်သနစ် ဓာတ်စုံကို ဖော်ပြပါ သတင်းစာအား ဗုဒ္ဓဟူးနေ့က ပြန်ပြောင်းပြောကြားပြီး အမေရိကန်ပြည်ထောင်စုတွင် ယင်းနေ့ နှောင်းပိုင်း၌ တရားဝင် ဖြန့်ချိမည်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အဖမ်းခံခဲ့ရပြီး ဂွာတာနာမိုအကျဉ်းစခန်းတွင် စွဲချက်မတင်ဘဲ ထိန်းသိမ်းခံထားခဲ့ရသည့် အကျဉ်းသား သုံးဦးအား အရှက်တကွဲအကျိုးနည်း ဖြစ်စေရန် ပြုလုပ်ခဲ့မှုနှင့် ထပ်တလဲလဲ ရိုက်နှက်ခဲ့သည့် အသေးစိတ် ဖြစ်ရပ်များနှင့် ပတ်သက်သည့် စွပ်စွဲချက်များကို မှတ်တမ်းသစ်အတွင်း ဖော်ပြထားသည်။ ၎င်းတို့သည် မတ်လအတွင်းက ပြန်လည် လွတ်မြောက်လာခဲ့ကြခြင်း ဖြစ်သည်။

အကျဉ်းသား အာမက်သည် ၂၀၀၁ ခုနှစ် နိုဝင်ဘာလအတွင်း ထိန်းသိမ်းခံရပြီး မကြာမီ အမေရိကန်တပ်ဖွဲ့ဝင်က သေနတ်ဖြင့်ချိန်ကာ ပစ်ခတ်ရန် ခြိမ်းခြောက်နေစဉ် ဗြိတိသျှ အက်စ်အေအက်စ် အထူးတပ်ဖွဲ့ဝင်များက သုံးနာရီကြာ စစ်ဆေးခဲ့ကြောင်း ၁၁၅ မျက်နှာရှိ မှတ်တမ်းတွင် စွပ်စွဲထားသည်။

အကျဉ်းသား သုံးဦးစလုံးက ၎င်းတို့အား စစ်ဆေးနေစဉ်အတွင်း ရိုက်နှက်ခံရပြီး အရိယာပုဒ် မျှတမှု မရှိသည့် နေထိုင်ပုံမျိုးဖြင့် နေစေကာ အိပ်ရေးပျက်ခဲ့ရကြောင်း စွပ်စွဲပြောကြားသည်။

၎င်းပြင် အဆိုပါ ဗြိတိသျှအကျဉ်းသားသုံးဦးက နာရီပေါင်းများစွာကြာသည့်တိုင်အောင် လက်ထိပ်ခတ်ခံခဲ့ရပြီးနောက် ကိုယ်လုံးတီး ပုံစံဖြင့် ဓာတ်ပုံရိုက်ခံခဲ့ရပြီး မလိုအပ်ဘဲ ၎င်းတို့၏ ဒွါရအတွင်းသို့ ရှာဖွေမှုခံခဲ့ရကြောင်း ပြောကြားခဲ့သည်။

ဗြိတိသျှသံရုံး တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက စာမျက်နှာ နှစ်မျက်နှာရှိ စွပ်စွဲချက်များကို မှတ်တမ်းတင်ထားခဲ့ကြောင်း အဆစ်အစ်ဘယ်က ပြောကြားပြီး ကျန်အကျဉ်းသား နှစ်ဦးက နှုတ်ဖြင့် တိုင်တန်းမှုပြုလုပ်ခဲ့ကြောင်း ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက် ဆင်ခြေဖုံး ဆာဒါစီးတီးတွင် အမေရိကန်တပ်ဖွဲ့ကို တိုက်ခိုက်ရန် ပြင်ဆင်နေသည့် ခုခံတိုက်ခိုက်ရေး သမားတစ်ဦးကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်သို့ အီဂျစ်တပ်ဖွဲ့ စေလွှတ်မည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ထပ်လောင်းပြောကြား

ကိုင်ရို ဩဂုတ် ၆

အီဂျစ်နိုင်ငံက အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီး အာမက်အဗ္ဗဒူဂိတ်က ဗုဒ္ဓဟူးနေ့တွင် ထပ်လောင်းပြောကြားလိုက်သည်။

အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးဆိုင်ရာ အီဂျစ်နိုင်ငံ၏ ရပ်တည်ချက်သည် ပြတ်သားကြောင်း၊ အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးကို အီဂျစ်နိုင်ငံက ငြင်းပယ်ကြောင်းဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၏ အဆိုပြုချက်အား တုံ့ပြန်ကာ သတင်းထောက်များအား ပြောကြားသည်။ ဆော်ဒီအာရေဗျက အာရပ်နှင့် အစ္စလမ္မစ်တပ်ဖွဲ့ဝင်များအား အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များ နေရာတွင် အစားထိုး ဖြန့်ကြက်ရန် အဆိုပြုခဲ့သည်။

လေ့လာနေဆဲ

အီရတ်နိုင်ငံသို့ အာရပ်နှင့် အစ္စလမ္မစ်တပ်ဖွဲ့ဝင်များ စေလွှတ်ရေးသည် အဆိုပြုချက် သက်သက်သာဖြစ်ကြောင်း၊ ယင်းအဆိုပြုချက်ကို အမေရိကန်ပြည်ထောင်စုနှင့် အာရပ်အဖွဲ့အစည်းများက လေ့လာနေဆဲဖြစ်ကြောင်း အဗ္ဗဒူဂိတ်က ပြောကြားသည်။

အီရတ်ရဲအရာရှိများအား အီဂျစ်နိုင်ငံတွင် လေ့ကျင့်သင်တန်းပေးနေသည့် အီဂျစ်နိုင်ငံက အီရတ်သို့ တပ်ဖွဲ့စေလွှတ်ရန် အစီအစဉ်မရှိကြောင်း ပြတ်သားစွာ ပြောကြားခဲ့သည်။

အီရတ်ရှိ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ နေရာတွင် အစားထိုး ဖြန့်ကြက်ရန် အစ္စလမ္မစ် ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို အီရတ်သို့ စေလွှတ်ရန် ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီးက မကြာမီက အဆိုပြုခဲ့သည်။

အီဂျစ်နိုင်ငံသား သံတမန်တစ်ဦး အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်လက ပြန်ပေးဆွဲခံရပြီး မကြာမီ အီဂျစ်က ၎င်း၏တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံသို့ စေလွှတ်ရေး စဉ်းစားမည်မဟုတ်ကြောင်း ထပ်လောင်း အတည်ပြုပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသော ဗြိတိသျှ စစ်ယာဉ်တစ်စီးကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တူရကီနိုင်ငံသား ထရပ်ကားမောင်းသူ နှစ်ဦးကို ပြန်လည်လွှတ်ပေး

ဒူဘိုင်း ဩဂုတ် ၆

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် ဖမ်းဆီးထားသည့် တူရကီနိုင်ငံသား ကုန်တင်ထရပ်ကားမောင်းသူ နှစ်ဦးအား အကြမ်းဖက်အဖွဲ့အစည်း၏ အပေါင်းပါ အယ်လ်ဇာကာဝီနှင့် ဆက်စပ်မှုရှိသော ခုခံတိုက်ခိုက်ရေးသမားများက ပြန်လွှတ်ပေးလိုက်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အားခန့်ထားသည့် ကုမ္ပဏီများက အီရတ်နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်မှုမပြုတော့ရန် သဘောတူညီလိုက်သောကြောင့်ဖြစ်ကြောင်း အယ်လ်ဂျာဇီယာရုပ်မြင်သံကြားက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

တူရကီကုမ္ပဏီက အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များထံသို့ တပ်ဖွဲ့ဝင်များ ပို့ဆောင်ရေး ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ကြောင့် တော်ဟစ်နှင့် ဂျီဟတ်အုပ်စုက တူရကီနိုင်ငံသား ဓားစာခံနှစ်ဦးအား လွှတ်ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းအုပ်စုက ပေးပို့သည့် ဗီဒီယိုအခွေကို အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားက ဖော်ပြခြင်းဖြစ်သည်။

ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း ဆောင်ရွက်နေသည့် ကာရာမန်လီနှင့် အော့ဇ်တူ ကုမ္ပဏီတို့က ၎င်းဓားစာခံများ လွတ်မြောက်နိုင်စေရေးအတွက် အီရတ်နိုင်ငံတွင် လုပ်ငန်းဆောင်ရွက်မှု ရပ်ဆိုင်းထားရန် ပြင်ဆင်လျက်ရှိကြောင်း တနင်္ဂနွေနေ့က ပြောကြားသည်။

ခြိမ်းခြောက်

တော်ဟစ်နှင့် ဂျီဟတ်အုပ်စုက ၎င်းတို့တောင်းဆိုချက် မလိုက်လျောပါက ၎င်းဓားစာခံ နှစ်ဦးအား ခေါင်းဖြတ်သတ်ရန် ခြိမ်းခြောက်ထားသည်။

ရည်ရွယ်

အီရတ်ကြားဖြတ်အစိုးရသစ်၊ အမေရိကန်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ပေးနေသည့် တပ်ဖွဲ့ဝင်များနှင့် ကုမ္ပဏီများကို မောင်းထုတ်ရန် ရည်ရွယ်၍ အီရတ်ရှိ ခုခံတိုက်ခိုက်ရေးသမားများက ပြန်ပေးဆွဲသည့် လှုပ်ရှားမှုများကို လုပ်ဆောင်လျက်ရှိသည်။

အီရတ်နိုင်ငံတွင် လက်နက်ကိုင်အုပ်စုများက ဓားစာခံ အများအပြားကို ပြန်ပေးဆွဲလျက်ရှိသည်။

ကွပ်မျက်ခံရ

အချို့သော ဓားစာခံများ လွတ်မြောက်လာခဲ့ပြီး တူရကီနိုင်ငံသားတစ်ဦး အပါအဝင် ဓားစာခံကိုးဦးမှာ ဖော်ပြပါအုပ်စု၏ ကွပ်မျက်မှုကို ခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် သေဆုံးသူ ဗြိတိသျှတပ်ဖွဲ့ဝင် စုစုပေါင်း ၆၁ ဦး ရှိပြီဖြစ်

လန်ဒန် ဩဂုတ် ၆

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်နိုင်ငံတောင်ပိုင်း တစ်နေရာတွင် မတော်တဆမှုတစ်ခု ဖြစ်ပွားသဖြင့် သေဆုံးသွားရကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြီးခဲ့သောကြာသပတေးနေ့၌ ထုတ်ဖော်အတည်ပြုခဲ့သည်။

မတော်တဆမှု

အသက်၂၂နှစ်ရှိ တပ်သား ခရစ္စတိုဖာရေမင်သည် ဩဂုတ်၁ရက်တွင် အယ်အာမရာမြို့၌ မတော်တဆမှု ဖြစ်ပွားပြီးနောက် သေဆုံးသွားကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုတပ်ဖွဲ့ဝင်သည် ဝေလမင်းသား၏ တော်ဝင်တပ်ရင်းကြီးမှ အမှတ်(၁) တပ်ရင်း၌ အမှုထမ်းနေသူ တစ်ဦးဖြစ်သည်။ ရေမင်သေဆုံးမှုနှင့် ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဤမျှသာ ဖော်ပြထားပြီး အသေးစိတ် ဆက်လက်ရေးသားထားခြင်း မရှိကြောင်း သိရသည်။

တပ်စွဲထား

ဗြိတိန်နိုင်ငံသည် အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲတွင် ပြီးခဲ့သော မတ်လမှစ၍ ပါဝင်ဆင်နွှဲခဲ့သည်။ ထိုအချိန်မှစ၍ ယခုကာလအထိ ကြာညောင်းသောအချိန်အတွင်း အီရတ်၌ အသက်ဆုံးရှုံးခဲ့သော ဗြိတိသျှတပ်ဖွဲ့ဝင် စုစုပေါင်းမှာ ယခုတပ်ဖွဲ့ဝင်နှင့်ပါဆိုလျှင် ၆၁ ဦးရှိသွားပြီဖြစ်၏။ ဗြိတိန်တပ်ဖွဲ့များသည် အီရတ်နိုင်ငံ တောင်ပိုင်း၌ နေရာယူ တပ်စွဲထားကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

နိုင်ငံတကာရေးရာတွင် တစ်ဖက်သတ် မူဝါဒကို ကန်ကျင့်သုံး အီရန်သမ္မတ ခါတာမီ ဝေဖန်ပြောကြား

ဘာကူး ဩဂုတ် ၇

အမေရိကန်နိုင်ငံသည် အီရတ်နိုင်ငံအရေးနှင့် ပတ်သက်၍ စံနှစ်ခွမူဝါဒကို ကျင့်သုံးခဲ့ပြီး လူမျိုးရေးပဋိပက္ခ ဖြစ်ပေါ်အောင် လုပ်ဆောင်ခဲ့ကြောင်း အီရန်သမ္မတ မိုဟာမက်ခါတာမီက သောကြာနေ့တွင် ပြောကြားလိုက်သည်။

သမ္မတ ခါတာမီသည် ယခင် ဆိုဗီယက်ပြည်ထောင်စုမှ နိုင်ငံတစ်နိုင်ငံဖြစ်သော အဇာဘိုင်ဂျန်နိုင်ငံသို့ အလည်အပတ် ရောက်ရှိသည့် ဒုတိယမြောက်နေ့တွင် ပါလီမန်၌ မိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်း ဝေဖန်လိုက်ခြင်းဖြစ်သည်။

အမေရိကန်သည် နိုင်ငံတကာရေးရာများတွင် တစ်ဖက်သတ်ပြုမူသည့် မူဝါဒများကို ကျင့်သုံးပြီး လိုတစ်မျိုး၊ မလိုတစ်မျိုး စံနှစ်ခွကျင့်သုံးနေခြင်းကြောင့် ပြည်သူလူထုအတွင်း ဘေးဒုက္ခ ပြဿနာများ တွေ့ကြုံရပုံကို အီရတ်နှင့် ပါလက်စတိုင်း ကိစ္စရပ်များတွင် တွေ့ရကြောင်း ခါတာမီက ပြောကြားသည်။

ဒေသတွင်း၌ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဘာသာတရားက ပေးစွမ်းကြောင်း၊ ကမ္ဘာ့မတူညီသော ယဉ်ကျေးမှုများအကြား စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်နိုင်ကြောင်း ခါတာမီက ပြောကြားသည်။

ဆိုဗီယက် ပြည်ထောင်စုဟောင်းမှ နိုင်ငံတစ်နိုင်ငံသို့ အီရန်ခေါင်းဆောင်တစ်ဦး အလည်အပတ် လာရောက်ခြင်းသည် ၁၉၉၃ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်သည်။ အီရန်နှင့် အဇာဘိုင်ဂျန်နိုင်ငံတို့သည် ကက်စ်ပီယန်ပင်လယ်တွင် ရေနံရှာဖွေတူးဖော်ရေးနှင့် ပတ်သက်၍ အငြင်းပွားမှု ရှိခဲ့ကြသော်လည်း အမေရိကန်နှင့် ဆက်ဆံရေး မြှင့်တင်ခဲ့သော အဇာဘိုင်ဂျန်နိုင်ငံသည် အီရန်နှင့် ဆက်ဆံရေး တိုးတက်ဖြစ်ပေါ်လာစေရန် လိုလားလျက်ရှိသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံအား ကန်ဦးဆောင် ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်သည့် ဆန္ဒပြပွဲတွင် အမေရိကန်အလံကို မီးရှို့နေသည့် ပါကစ္စတန်နိုင်ငံသားများကို ဩဂုတ် ၆ ရက်က လာဟိုးမြို့တွင် တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နာဂျက်ဖ်မြို့တွင် ပြင်းထန်သည့် တိုက်ပွဲများဖြစ်ပွား အမေရိကန် ရဟတ်ယာဉ်တစ်စင်းပစ်ချခံရ

နာဂျက်ဖ်(အီရတ်) ဩဂုတ် ၇

ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါအား သစ္စာခံသည့်တိုက်ခိုက်ရေးသမားများက နာဂျက်ဖ်မြို့တွင် ပြင်းထန်သည့် တိုက်ခိုက်မှုများ ဖြစ်ပွားနေစဉ် အမေရိကန် ရဟတ်ယာဉ်တစ်စင်းအား ကြာသပတေးနေ့က ပစ်ချလိုက်ရာ ရှီးယိုက်ခေါင်းဆောင် ဆာဒါဦးဆောင်သည့် တွန်းလှန်တိုက်ခိုက် အုံကြွမှု အဆုံးသတ်ရေး သဘောတူချက် ပျက်ပြယ်ရန် ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်။

အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်များ ဧပြီလနှင့် မေလကတည်းက တော်လှန်တိုက်ခိုက်ပြီးခဲ့သည့်နောက် ဖော်ပြပါ နာဂျက်ဖ်တိုက်ခိုက်မှုသည် အပြင်းထန်ဆုံးဖြစ်သည်။

ခြိမ်းခြောက်

ဘာဆာရာမြို့ရှိ အယ်လ်ဆာဒါအား ထောက်ခံသူများက လမ်းပေါ်ထွက်လာကြပြီး ဗြိတိသျှတပ်ဖွဲ့ဝင်များ ဖမ်းဆီးထားသည့် ၎င်းတို့၏ ရဲဘော်ရဲဘက်များအား လွှတ်မပေးပါက တိုက်ခိုက်မှုများ ပြုလုပ်မည်ဟု ခြိမ်းခြောက်ကြသည်။ လက်နက်ကိုင်ဆောင်ထားသည့် ဆာဒါ၏ နောက်လိုက်များက ဘဂ္ဂဒက်မြို့ရှိ ရှီးယိုက်များနေထိုင်ရာ ဒေသရှိ လမ်းမများပေါ်သို့ ထွက်လာကြသည်။

ပစ်ချခံရသည့် ရဟတ်ယာဉ်ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိပြီး ၎င်းတို့အား နေရာရွှေ့ပြောင်းပေးခဲ့ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အယ်လ်ဆာဒါ၏ လက်ထောက်များက ယင်းရဟတ်ယာဉ်အား မီဒီလက်နက်ကိုင်တပ်က ပစ်ချလိုက်ကြောင်း ပြောကြားသည်။

စိန်ပြောင်းကျည် ထိမှန်

ယင်းတိုက်ခိုက်မှုအတွင်း လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး လူရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ကျန်းမာရေးဌာနက ပြောကြားသည်။ မြို့တွင်းရှိ ဆေးရုံအား စိန်ပြောင်းကျည် ထိမှန်သောကြောင့် လူတစ်ဦးသေဆုံးပြီး လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အယ်လ်စစ္စတန်နီသည် နှလုံးရောဂါဖြင့် ဆေးကုသမှု ခံယူနေပြီး ယင်းတိုက်ခိုက်မှုများက ၎င်း၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း ရှီးယိုက်ဘာသာရေးခေါင်းဆောင် စစ္စတန်နီ၏ လက်ထောက်တစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဩဂုတ် ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂွာတာနာမိုကန်အကျဉ်းစခန်းရှိ ဘာရိန်းနိုင်ငံသားများကို နှိပ်စက်မှု စုံစမ်းဖော်ထုတ်ပေးရန် ဘာရိန်းက တောင်းဆိုမည်

မာနားမား ဩဂုတ် ၇

ပင်လယ်ကွေ့ဒေသရှိ ဘာရိန်းနိုင်ငံသည် ၎င်း၏ရင်းနှီးသော မဟာမိတ်ဖြစ်သည့် အမေရိကန်နိုင်ငံကို ဂွာတာနာမိုအကျဉ်းစခန်း၌ ဖြစ်ပျက်ခဲ့သော အခြေအနေများကို စုံစမ်းရန် တောင်းဆိုမည်ဟုဆိုသည်။ ဖမ်းဆီးထားသော ဘာရိန်းနိုင်ငံသားများကို နှိပ်စက်ညှဉ်းပန်းသည်ဆိုသောကိစ္စကို စုံစမ်းဖော်ထုတ်ပေးပါရန် တရားဝင်နည်းလမ်းများအရ တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

အထက်ပါ သတင်းကို ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး ယူဆွပ်မာမွတ်က ဘာရိန်းသတင်းအေဂျင်စီကို အသိပေးခြင်းဖြစ်သည်။ ဂွာတာနာမို၌ အဖမ်းခံရသူ ဘာရိန်းနိုင်ငံသား အမည်မှာ အယ်လ်ဒေါ်ဆရီဖြစ်သည်။ ၎င်းနှင့် ပတ်သက်သောသတင်းများကိုဘာရိန်းလူ့အခွင့်အရေးအဖွဲ့ (ဘီစီအိပ်ချ်အာရ်)က ထုတ်ပြန်ခဲ့သည်။ ထိုကိစ္စများနှင့် ပတ်သက်၍ အမေရိကန်အစိုးရကို ဘာရိန်းသံရုံးမှတစ်ဆင့် တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ဂွာတာနာမို အကျဉ်းစခန်း၌ ထိန်းသိမ်းခံခဲ့ရသူ ဗြိတိသျှနိုင်ငံသား သုံးဦးမှာ မကြာသေးမီက ပြန်လည်လွှတ်မြောက်လာသည်။ ၎င်းတို့က ဘာရိန်းနိုင်ငံသား အယ်လ်ဒေါ်ဆရီကို ဂွာတာနာမိုထောင်၌ အမေရိကန်တပ်ဖွဲ့ဝင်များက နှိပ်စက်ကြပုံကို ပြန်လည်ပြောပြခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် အယ်လ်ဒေါ်ဆရီကို မကြာခဏ ရိုက်နှက်ကြသည်။ ထို့အပြင် မျက်နှာနှင့် ကြမ်းပြင်ကို ဆောင့်ခဲ့ကြသည့် အတွက်ကြောင့် ဒေါ်ဆရီမှာ နှာခေါင်းရိုး ကျိုးခဲ့ရကြောင်း ဗြိတိသျှလူမျိုး အကျဉ်းသားဟောင်းများက ပြန်လည်ပြောကြားကြသည်။

စွပ်စွဲ

ဗြိတိသျှလူမျိုး လူငယ်နှစ်ဦးကို အမေရိကန်တို့က ၂၀၀၂ ခုနှစ်တွင် အာဖဂန်နိုင်ငံ၌ ဖမ်းဆီးမိခဲ့ကြပြီး ဂွာတာနာမို အကျဉ်းစခန်းသို့ ပို့လိုက်ကြခြင်းဖြစ်သည်။ ၎င်းတို့မှာ ထိုစခန်းမှ နောက်ဆုံး လွတ်မြောက်လာသူများဖြစ်၏။ လွတ်လာပြီး မကြာမီမှာပင် ဗြိတိသျှနိုင်ငံသားများသည် အမေရိကန်များက ၎င်းတို့ကို အကျဉ်းစခန်းအတွင်း၌ ရှိနေစဉ် မတရားနှိပ်စက်ခဲ့ကြကြောင်း စွပ်စွဲလိုက်ကြခြင်း ဖြစ်သည်။

ဂွာတာနာမို အကျဉ်းစခန်းရှိ ဘာရိန်းအကျဉ်းသားကို နှိပ်စက်ကလူပြုသည်ဆိုသောကိစ္စကို စုံစမ်းပေးရန် တရားဝင် အကြောင်းကြားသည့်စာကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့သွားရန် ဘာရိန်းသံရုံးကို ညွှန်ကြားထားပြီးဖြစ်သည်ဟု ဘာရိန်းနိုင်ငံခြားရေးဝန်ကြီး မာမွတ်က ပြောကြားသည်။

ဒေါ်ဆရီမှာ ယခုအခါ စိတ်ပိုင်းဆိုင်ရာအရ အားနည်းချွတ်ယွင်းနေသည်ဟု ယူဆရသည်။ ကျူးဘားနိုင်ငံ အမေရိကန်ရေတပ်စခန်းရှိ ဂွာတာနာမို အကျဉ်းထောင်တွင် ဘာရိန်းနိုင်ငံသား ခြောက်ဦးတို့ကို ဥပဒေနှင့်အညီ တစ်စုံတစ်ရာ တရားစွဲဆိုခြင်း မပြုဘဲ ဖမ်းဆီးချုပ်နှောင်ထားသည်မှာ နှစ်နှစ်ကျော်သွားပြီဖြစ်သည်။ ထိုခြောက်ဦးတွင် ဒေါ်ဆရီသည် တစ်ဦးအပါအဝင်ဖြစ်သည်။

ဂွာတာနာမို အကျဉ်းစခန်းသည် အမေရိကန် အမှတ်(၅) ရေတပ်၏ စခန်းဌာနချုပ်ဖြစ်သည်။ ထိုစခန်းသို့ ပြီးခဲ့သောလက အပြည်ပြည်ဆိုင်ရာ ရှေ့နေတစ်စု သွားရောက်ခဲ့ကြသည်။ အဆိုပါခရီးသည် ထိုအကျဉ်းစခန်းရှိ အဖမ်းခံများ၏ကိုယ်စား တရားစွဲဆိုသွားရန် ကိစ္စအတွက် ပြင်ဆင်မှုများ ဆောင်ရွက်ရန် သွားရောက်ခဲ့ကြခြင်း ဖြစ်သည်ဟုဆိုသည်။

ဂွာတာနာမိုရှိ အကျဉ်းသားများကို အာဖဂန်နစ္စတန်နိုင်ငံမှ တာလီဘန်များနှင့် ပူးပေါင်းတိုက်ခိုက်သူ၊ သို့မဟုတ် အယ်လ်ခိုင်ဒါအဖွဲ့ကို အားပေးသူများအဖြစ် မှတ်ယူထားကြသည်။ ၎င်းတို့မှာ သံသယအဖြစ် အဖမ်းခံရသူများဖြစ်၏။ အမေရိကန်တို့က အကျဉ်းစခန်း၌ အကျဉ်းသားများကို မတော်မတရား ပြုသည်၊ ရိုက်ပုတ် ထိုးကြိတ် နှိပ်စက်သည် ဆိုသော စွပ်စွဲချက်များမှာ မှန်ကန်မှု မရှိပါဟု ငြင်းဆိုထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် တပ်ချထားမှု ပိုလန်အများစု လက်မခံ

ဝါဆော ဩဂုတ် ၇

အီရတ်နိုင်ငံတွင် ပိုလန်၏ စစ်ရေးတည်ရှိမှုကို ပြည်သူ ၇၃ ရာခိုင်နှုန်းက ကန့်ကွက်ကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သော သဘောထားဆန္ဒ စစ်တမ်းတစ်ရပ်၌ ဖော်ပြထားသည်။

ပြည်သူ့သဘောထားဆန္ဒ လေ့လာရေးသုတေသနဌာနက ကောက်ယူသည့် စစ်တမ်းတွင် အီရတ်နိုင်ငံမှ ပိုလန်တပ်ဖွဲ့ဝင် ၂၄၀၀ ကို ချက်ချင်းရုပ်သိမ်းရန် ၆၇ ရာခိုင်နှုန်းက လိုလားကြောင်း ဖော်ပြထားသည်။ ယင်းစစ်တမ်းကို ဇူလိုင်လ ဒုတိယရက်သတ္တပတ်အတွင်း အရွယ်ရောက်ပြီးသူ ၉၂၀ ဦးကို အခြေခံ၍ လေ့လာခဲ့ခြင်းဖြစ်သည်။

ပိုလန်နိုင်ငံတွင် ဇွန်လအတွင်းက ကောက်ယူသည့် စစ်တမ်းနှင့် နှိုင်းယှဉ်ပါက အီရတ်စစ်ပွဲကို ဆန့်ကျင်သူဦးရေမှာ ၇ ရာခိုင်နှုန်း ပိုမိုများပြားလာသည်။

အင်တာနက်။

ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ဂန္ဓကုဋိတန်ဆောင်းတော်မြတ်ကြီး ပြန်လည်ဆောက်လုပ်လှူဒါန်းရန်အတွက် ပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အမှူးထား၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သာသနာပြု ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ အသစ်ပြန်လည်ဆောက်လုပ်လှူဒါန်းရန် ပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်များဖြစ်ကြသည့် ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသနှင့် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ပြည်ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိတို့ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အမှူးထား၍ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး အသစ်ပြန်လည် ဆောက်လုပ်လှူဒါန်းရန် ပန္နက်တော်တင်နှင့် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သတ်မှတ်နေရာတွင် ပန္နက်တော်တင်ပေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားကို နံနက် ၈နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် မဟာပုညောပကာရ ဓမ္မာရုံ၌ ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထိုအချိန်တွင် တံကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့က မင်္ဂလာဗွေခရုနှင့် အောင်စည်အောင်မောင်းများ သုံးကြိမ်တီးမှုတ်ပူဇော်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ပြည်ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက်ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က မေတ္တသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့၏ ကိုယ်စား ဦးကြိုင်စန်းရွှေနှင့် ဇနီး ဗိုလ်မှူးဒေါ်ခင်ဝင်းစိန်တို့က ပန္နက်တော်၊ ရတနာကြုတ်၊ ရတနာအုတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် အလှူရှင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောင်းကြီးတိုက် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး အသစ်ပြန်လည်တည်ဆောက်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့က မတည်လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် သိန်း ၂၀၊ သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မ မဏိဇောတဓရ ဦးသိန်းဝင်း၊ သီဟသုဓမ္မသီဂ ဒေါ်နီ (ရွှေသံလွင်မိသားစု)က အလှူငွေကျပ် သိန်း ၁၈၀၊ ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီ မိသားစုက အလှူငွေကျပ်သိန်း ၁၀၀၊ ဦးမောင်မောင်တင် မိသားစု အေးလျှပ်စစ်က အလှူငွေကျပ် ၇၅သိန်း၊ ဦးညီညီအောင်–ဒေါ်မိုးသူဇာ မိသားစုက အလှူငွေကျပ် သိန်း ၃၀၊ ဦးစိန်ထွန်း မိသားစု ဟောမန်ထုတ်လုပ်မှု ကော်မတီက အလှူငွေကျပ် သိန်း ၂၀၊ ဦးတင်စိန်–ဒေါ်နန်းခမ်းတစ် မိသားစု မြန်မာယူနီဗာဆယ်ဘဏ်က အလှူငွေကျပ် ၁၅သိန်း၊ ဦးမြတ်ချိုဝင်းမိသားစု၊ ဦးသူတော်–ဒေါ်ခင်စိန်မိသားစု၊ ဦးဇော်နိုင်–ဒေါ်ဝေဝေနှင်းမိသားစု၊ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ (ရန်ကုန်တိုင်း) မြို့တွင်း၊ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)၊ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း မိသားစုတို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ ဗန္ဓုလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီ လီမိတက်၊ ဦးကျော်ဌေး၊ ဒေါ်တင်တင်မော် မိသားစု၊ ဦးညွန့်ဌေး–ဒေါ်နီလာရွှေ မိသားစု၊ ဦးမြတ်သင်းအောင်–သီရိသုဓမ္မသီဂ ဒေါ်ခင်မြင့်မြင့် မိသားစု၊ ဦးဝင်းမြင့် (ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်)တို့က အလှူငွေကျပ်ငါးသိန်းစီ၊ ဦးအောင်ဇော်မြင့်–ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်မိသားစုက အလှူငွေကျပ်သုံးသိန်း၊ ဦးနှင့်စိန်–ဒေါ်မြင့်မြင့်မိသားစု၊ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ ဦးတင်လှ–အဂ္ဂမဟာသီရိသုဓမ္မသီဂ ဒေါ်အေးအေးကြည် မိသားစုတို့က အလှူငွေကျပ် နှစ်သိန်းစီ၊ ကြည့်မြင်တိုင်မြို့နယ် ပြည်သူများ စုပေါင်းအလှူငွေကျပ် ၂၆၈၂၆၆၆ ကျပ် အပါအဝင် အလှူရှင် ၅၆ဦးတို့က အလှူငွေ ၆၀၁,၈၂,၆၆၆ ကျပ်ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မိသားစုတို့က မတည်လှူဒါန်းငွေ ကျပ် ၁၀သိန်းကို ဦးကြိုင်စန်းရွှေနှင့်ဇနီး ဗိုလ်မှူးဒေါ်ခင်ဝင်းစိန်တို့က ကျောင်းကြီးတိုက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး အသစ်ပြန်လည်တည်ဆောက်ရန် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှင်းလင်းလျှောက်ထား

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်က ရှေးဟောင်းရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး တည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းလျှောက်ထားသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသက ဩဝါဒကထာနှင့် အနုမောဒနာတရားများ ဟောကြားတော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပန္နက်တော်တင် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား အစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒေဝါဝင်း၊ ရာဇာဝင်းများက ဦးဆောင်၍ ပန္နက်တော်၊ ရတနာကြုတ်၊ ရတနာအုတ် စသည်တို့ကို ပန္နက်တင် အုတ်မြစ်တော်စီမည့် နေရာသို့ သယ်ဆောင်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်း သာသနာရေးမှူး ဦးစံသင်းလှိုင်က ပန္နက်တင် အုတ်မြစ်တော်စီမင်္ဂလာ မော်ကွန်းကမ္ပည်းစာကို ဖတ်ကြားသည်။

အမွှေးနံ့သာပက်ဖျန်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများ၊ မြို့တော်ဝန်နှင့် ဦးကြိုင်စန်းရွှေတို့က သတ်မှတ်နေရာ အသီးသီး၌ မြောက်ဘက်အရပ်သို့ မျက်နှာမူလျက် မင်းတိုင်မှစ၍ လက်ယာရစ်ကာ ပန္နက်တော်များကို တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖြန်းပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရတနာ နဝရတ်ကြုတ်ကို အုတ်မြစ်တော်၏ အလယ်ဗဟို၌ ထည့်သွင်းပေးပြီး ပတ္တမြားရတနာအုတ်ကို အုတ်မြစ်တော်၏ အလယ်ဗဟို၌ စီပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဦးကြိုင်စန်းရွှေနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီး၌ ရတနာအုတ်များကို တစ်ပြိုင်တည်းစီပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဦးကြိုင်စန်းရွှေနှင့် တာဝန်ရှိသူများက အုတ်မြစ်တော်ကို မင်္ဂလာကမ္ပည်းကျောက်စာဖြင့် ဖုံးအုပ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖြန်းပေးကြသည်။

ထို့နောက် မင်္ဂလာအခါပေး ဦးကျော်က စိန္တာမဏိဂါထာဖြင့် ရွတ်ဆိုပူဇော်သည်။

ဆက်လက်၍ ကျောင်းကြီးတိုက် ဦးပညိန္ဒကျောင်း ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဦးကြိုင်စန်းရွှေတို့က သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်များ တင်ပေးကြပြီး ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

မင်္ဂလာဗျူဟာ သွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၈

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် (၇၂)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဩဂုတ် ၂၂ရက် (တနင်္ဂနွေနေ့)တွင်စတင်၍ ကျင်းပမည်ဖြစ်ရာ သွေးလှူရှင်များသည် ဩဂုတ် ၂၁ ရက် (စနေနေ့)မှစ၍ အသင်းချုပ်သို့ လာရောက်ကြိုတင်စာရင်းပေးသွင်းနိုင်သည်ဟု သိရသည်။ (က–ပ)

သင်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် ဆုတောင်းပြည့်စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဩဝါဒခံယူပွဲနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၇ ရက်က နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီး၌ကျင်းပရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ(ဆင်မင်း) ဦးတင်ရွှေနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၅၀၆)

☆ အတွင်းရေးမှူး(၂)မှ

တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏ အမှူးပြုသော ဒဂုံမြို့သစ်လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များ၊ သီလရှင်ကျောင်းများမှ သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် ဒဂုံမြို့သစ်လေးမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တိုင်းမှူး၊ ဝန်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီး နေဝင်းတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို ဆရာတော်ကြီးထံ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ စိုက်ထူလှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ်တစ်သိန်းရှစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသောင်းလေးထောင်၊ ဦးအောင်မြတ် (Mother Land Co., Ltd) က ငွေကျပ် ၁၀သိန်း၊ ဦးရန်ဟော် (Asia Metal Co., Ltd)က ငွေကျပ် ၁၀သိန်း၊ ဦးဝင်းလွင် (ကျော်သာကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀သိန်း၊ ဒေါက်တာမောင်မောင်အေး (မိုးဟိန်းကုမ္ပဏီလီမိတက်)က ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံယူသည်။

ဆက်လက်၍ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မ မဏိဇောတဓရ လူမှုထူးချွန်(ပထမဆင့်) ဦးဌေးမြင့်-ဒေါ်အေးအေးမော် (ယုဇနကုမ္ပဏီလီမိတက်)က ငွေကျပ်ငါးသိန်း၊ ကွယ်လွန်သူ ဖခင်ကြီးအား ရည်စူး၍ ဒေါ်ဆင့်ဆင့်မိသားစုက ငွေကျပ်ငါးသိန်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်(၁) စီမံခန့်ခွဲရေးကော်မတီက ငွေကျပ်ငါးသိန်း၊ စက်မှုဇုန်(၂) စီမံခန့်ခွဲရေးကော်မတီက ငွေကျပ်ငါးသိန်း၊ စက်မှုဇုန်(၃) စီမံခန့်ခွဲရေးကော်မတီက ငွေကျပ် ငါးသိန်းသုံးသောင်းရှစ်ထောင်၊ ဦးစိန်လှဝင်း မိသားစုက ငွေကျပ်ငါးသိန်း၊ ကိုကျော်နိုင်ဦးနှင့် ညီအစ်ကိုများ (Naing Group)က ငွေကျပ် လေးသိန်း၊ ဒေါက်တာဝင်းဇော် (Lizstar Enterprise Co., Ltd) က ငွေကျပ် လေးသိန်း၊ ဦးကိုကိုလတ်-ဒေါ်တင်တင်မေ (ကြည်သာရတနာရွှေဆိုင်)က ငွေကျပ်လေးသိန်း၊ ဦးတင့်ဆန်း(အေစီအီးဆောက်လုပ်ရေး)က ငွေကျပ်လေးသိန်း၊ ဒေါက်တာမိုးတင်က ငွေကျပ်လေးသိန်း၊ ဦးခင်ဇော် (ကျားကိုးကောင် ကားထုတ်လုပ်ရေး)က ငွေကျပ် လေးသိန်း၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (ဘီတီဘီကုမ္ပဏီ)က ငွေကျပ် သုံးသိန်း၊ မြန်မာပြည်သားဟော့ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ I L B C ကျောင်းသား၊ ကျောင်းသူလေးများက ငွေကျပ် သုံးသိန်း၊ ဦးစိုးတင့်(စိုးလျှပ်စစ်) မိသားစုက ငွေကျပ် သုံးသိန်း၊ စက်မှုဇုန်(၁) လုပ်ငန်းရှင် ၁၉ဦးတို့က ငွေကျပ် နှစ်သိန်းငါးသောင်း၊ Silver Shine International Co., Ltd မှ ဦးဖေလှိုင်မိသားစုက ငွေကျပ်နှစ်သိန်း၊ ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ လုပ်ငန်းရှင်များက ငွေကျပ် နှစ်သိန်း၊ နေပြည်တော် မော်တော်ယာဉ်ထုတ်လုပ်ရေးက ငွေကျပ် နှစ်သိန်း၊ ဦးစိုးမြင့်နှင့်သားများ သံထည်နှင့် လယ်ယာသုံးပစ္စည်းထုတ်လုပ်ရေးက ငွေကျပ် တစ်သိန်းငါးသောင်း၊ စင်ကာဆောက်လုပ်ရေးက ငွေကျပ် တစ်သိန်းငါးသောင်း၊ ဝဇီရာရုပ်ရှင်နှင့် ပြဇာတ်ထုတ်လုပ်ရေးမှ ဒဂုံ ဦးတင်ဝင်း မိသားစုက ငွေကျပ် နှစ်သိန်းတစ်သောင်းရှစ်ထောင်၊ သမ္မတသင်္ကန်းတိုက် မိသားစုက ငွေကျပ် နှစ်သိန်း၊ စန္ဒီပရဆေးမိသားစုက ငွေကျပ်တစ်သိန်းကိုးဆယ်၊ ဦးအောင်မွန်-ဒေါ်လှလှမွန် (မြင့်မြတ်စပါးစိုက်ပျိုးရေး)၊ ဦးခင်မောင်ထွန်း (ထက်လင်း ဆေးတိုက်)၊ ဦးလှဌေး-ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဦးကျော်ညွန့် (ရွှေသရဖူမိသားစု)၊ K S W မော်တော်ယာဉ်ထုတ်လုပ်ရေး၊ U S M မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ဦးစိန်ဝင်းနှင့်ညီများ ပြည်တွင်း ဆန်စပါးပစ္စည်းလုပ်ငန်း၊ မြမှုလီထုတ်လုပ်ရေး၊ သီဟသုခမ္မသိင်္ဂီ ဒေါ်စန်းမြင့် (သံချောင်းရောင်းဝယ်ရေး)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်များရှိ တရားရုံး၊ ဥပဒေရုံး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ဦးမောင်မောင်-ဒေါ်ခင်ဝင်းဆွေ (Tiger Head Flesh Co., Ltd)၊ ရွှေကျီးမုန့်တိုက်၊ ရွှေပြည်နန်းသနပ်ခါး၊ ဦးမြင့်စိုး (မြန်မာကီတိုဖိနပ်စက်ရုံ)၊ Mectronic လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး၊ ရွှေကျော် စက်မှုလက်မှု၊ Lucky Bag ပလတ်စတစ်စက်ရုံ၊ ဦးသိန်းမြင့် စက်မှုလက်မှု၊ တော်ဝင်စက္ကူစက်၊ ဒဂုံမြို့သစ်စက်မှုဇုန်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ လုပ်ငန်းရှင်များ၊ ဒဂုံမြို့သစ် မြို့နယ် အိမ်ရာစီမံကိန်းများမှ လုပ်ငန်းရှင်များက ငွေကျပ်တစ်သိန်းစီနှင့် ဦးထွန်းရွှေ(ထွန်းရွှေဝါဆေးတိုက်)၊ ကေသီပန်ဆေးတိုက်၊ မြန်မာနိုင်ငံ ဆန်းစပါးကုန်သည်ကြီးများအသင်းနှင့် ချမ်းမြေ့စတိုး(မြောက်ဥက္ကလာပ)တို့၏ လှူဒါန်းငွေများ အပါအဝင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၁၆၆၃၃၀၉၀ ကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှအောင်သိန်း၊ ဗိုလ်ချုပ်အောင်သိမ်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်စောလှ၊ ဗိုလ်မှူးချုပ်ငွေသိန်းနှင့် အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်တို့က လက်ခံကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်လေးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ဦးရန်ဟော် (Asia Metal Co., Ltd)၏ လှူဒါန်းငွေကျပ် ၁၀ သိန်းကို လက်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များ၊ သီလရှင်စာသင်တိုက်များနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေ စိုက်ထူလှူဒါန်းပွဲတွင် အလှူရှင်တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများကလှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီတို့ကို တွဲဖက်စစ်ရေးချုပ် လှရွှေ၊ စစ်ဦးစီးချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီး နေဝင်းတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းက တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကလျာဏထံမှ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်ပရိသတ်များက အနုမောဒနာ တရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဝတ်အသင်းအဖွဲ့ဝင်များက အရပ် ၁၀ မျက်နှာ မေတ္တာပို့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်လေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး ၁၆ ကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့ကြသော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၈၄အိတ်၊ဆီ ၁၄၈ပိဿာ၊ပဲ ၂၉၆ပိဿာ၊အိုင်အိုဒင်းဆား ၁၄၅၉ပိဿာ၊ သွားတိုက်ဆား ဘူး ၂၇၀၊ တိုင်းရင်းဆေးမျိုးစုံ ၅၈၄၂ ဘူးနှင့် ဆွမ်းပဒေသာပင်အတွက်အလှူတော်ငွေကျပ် ၁၆၆၃၃၀၉၀ ဖြစ်သည်။

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၃တိုက်၊ သီလရှင် စာသင်တိုက် ခုနစ်တိုက်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာ တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီခွဲတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း မင်္ဂလာဈေး ဓမ္မာရုံတော်ကြီး၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင် များနှင့် ဧည့်ပရိသတ်တို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင်အလှူတော်ငွေများအဖြစ် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ငွေကျပ် သုံးသိန်းလေးသောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် တစ်သိန်းနှစ်သောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် နှစ်သိန်းငါးသောင်း၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီ၊ သမ္မတသင်္ကန်းတိုက်၊ ဘီတီဘီကုမ္ပဏီနှင့် Gold Uni Jewellery Co.,Ltd တို့က ငွေကျပ် နှစ်သိန်းစီ၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် တစ်သိန်းကိုးဆယ်၊ မှန်ချိုဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ပြည်လုံးချမ်းသာဆေးတိုက်နှင့် မြင့်မြတ်စပါးစိုက်ပျိုးရေးလုပ်ငန်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဆန်းမြန်မာကုမ္ပဏီက ငွေကျပ် ခုနစ်သောင်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် ငါးသောင်း၊ ကေသီပန်ဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်နှင့် ချမ်းမြေ့စတိုး(မြောက်ဥက္ကလာပ)တို့က ငွေကျပ် ငါးသောင်းစီ၊ အနောက်ရွှေဂုံတိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့က ငွေကျပ်တစ်သောင်းစီနှင့် ဒေါ်တင်တင်ရီ မိသားစုတို့က ငွေကျပ်ငါးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး၊ ဝန်ကြီးနှင့် စစ်ဦးစီးအရာရှိချုပ်(ရေ)တို့က စာသင်တိုက်ကြီးများနှင့် ဘိုးဘွားရိပ်သာတို့ကိုယ်စား လက်ခံကြသည်။

ယင်းနောက် လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို စစ်ဦးစီးဗိုလ်မှူးကြီး(လေ) ဒုတိယဗိုလ်မှူးကြီးနေဝင်းက ရှင်းလင်းလျှောက်ထားသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ဧည့်ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝတ်အသင်းသူများက အရပ် ၁၀ မျက်နှာ ဆုတောင်းမေတ္တာပို့သကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ စာသင်တိုက်ကြီးများနှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင် ပြည်သူများ၏ ယနေ့လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန်တော် ၉၂၉ အိတ်၊ ဆီ ၃၆၃ပိဿာ ၉၀ကျပ်သား၊ အိုင်အိုဒင်းဆား ၃၆၃၉ ပိဿာ၊ သွားတိုက်ဆားဘူး ၇၂၈ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၂၆၄၆ ဘူး၊ပဲ ၇၂၇ပိဿာ ၈၀ကျပ်သားနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေပေါင်း ၂၂၈၇၀၉၀ ဖြစ်သည်။ (သတင်းစဉ်)

ချမ်းသာလမ်းမကြီးကို မြေသားလမ်းမှ ကျောက်ခင်းလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကျောက်ကျင်းပေါင်း ၄၅၀ကျော်နှင့် ငွေကျပ် ၇၆သိန်းကျော် အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသဖြင့် အလွန်ဝမ်းမြောက်၍မဆုံး၊ ကြည်နူး၍မဆုံး၊ ချီးကျူးဂုဏ်ပြု၍မဆုံး ဖြစ်ကြရပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည် တက်တက်ကြွကြွ ဝမ်းမြောက်ဝမ်းသာ ဆက်လက်၍ ကုသိုလ်ပါဝင်လှူဒါန်းနေကြသည်ကိုလည်း တွေ့ရှိရသဖြင့် သာဓုအနုမောဒနာ ခေါ်ဆိုရပါသည်ဘုရား။

ဆရာတော်ကြီး၏ မွေးဖွားရာဇာတိဖြစ်သော နိဗ္ဗာန်ရွာသည် ဘိုးတော်ဘုရားလက်ထက်တော်က ဆင်ဖြူတော် ပေါ်ထွန်းခဲ့သဖြင့် ဆင်ဖြူတော်

အံ့ချီး၍မကုန်

တပည့်သံဃာတော် တစ်ထောင်ကျော်တို့အား ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ထောက်ပံ့ပေးခြင်း၊ ပစ္စယာနုဂ္ဂဟ၊ စာပေပရိယတ္တိ သင်ကြားပို့ချခြင်း၊ ဓမ္မာနုဂ္ဂဟ နိုင်ငံနှင်းစွာကြီးကြပ်ကွပ်ကဲ အုပ်ချုပ်တော်မူခြင်း၊ ဝိနယာနုဂ္ဂဟ လူမှုအကျိုးပြုနှင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ဆောင်ရွက်တော်မူခြင်း၊ လောကဟိတာနုဂ္ဂဟတာဝန်များကို အရွယ်တော်နှင့် မလိုက် သယ်ပိုးဆောင်ရွက်နေတော်မူနိုင်သော ဆရာတော်ကြီး၏ ဒါနပါရမီ၊ ဝီရိယပါရမီ၊ ပညာပါရမီ၊ အဓိဋ္ဌာန်ပါရမီ စသော ပါရမီတော်များကို ဆင်ခြင်အောက်မေ့လျက် အံ့ချီး၍မကုန် ဖြစ်ရပါကြောင်း၊ ဤကဲ့သို့ ထူးကဲမွန်မြတ်သော သာသနာ့တာဝန်နှင့် တိုင်းကျိုးပြည်ပြု တာဝန်များကို စဉ်ဆက်မပြတ် ဆက်လက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းကပ်လှူခြင်း၊ သာသနကုံရ စာအောင်ဆုနှင့် အောင်လက်မှတ်ကပ်လှူခြင်းနှင့် ပြည်လုံးချမ်းသာ ကျောက်လမ်းမကြီး အလှူငွေစုပေါင်းရေစက်ချ အခမ်းအနားတွင် နိုင်ငံတော် သြဝါဒါစရိယ ရွှေကျင်နိကာယဉပဉက္ကဋ္ဌ မဟာနာယက ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဇောတိပါလ မဟာထေရ်အား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သြဝါဒါစရိယ ရွှေကျင်နိကာယဉပဉက္ကဋ္ဌ ကြခတ်ဝိုင်းဆရာတော်[...] ခမဲပြင်၊ သနပ်ပင်၊ ခရမ်း၊ သုံးခွလမ်းသို့ ဆက်သွယ်ပေးမည့် ပြည်လုံးချမ်းသာလမ်းမကြီး [...]

❀ ရှေ့ဖုံးမှ

အဆိုပါအလှူတော်မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် သြဝါဒါစရိယ ရွှေကျင်နိကာယဉပဉက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင်ဆရာတော် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၏ ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဇောတိပါလမဟာထေရ် အမှူးပြုတော်မူသော သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပဲခူးခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊အလှူရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော် သြဝါဒါစရိယ ရွှေကျင်နိကာယဉပဉက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ဆရာတော် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၏ ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဇောတိပါလ မဟာထေရ်ထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

သာသနာရေးဆိုင်ရာလျှောက်ထား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေး

ဆိုင်ရာများကို လျှောက်ထားရာတွင်-

ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား-

ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်ကြီး၏ (၅၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲသို့ ကြွရောက်တော်မူလာကြသော ရွှေကျင်နိကာယ ဉပဉက္ကဋ္ဌ၊ တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ကြခတ်ဝိုင်းဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေကျင်ဂိုဏ်းဆိုင်ရာ ရဋ္ဌညူမဟာနာယကဆရာတော်ကြီးများ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား တစုတဝေးတည်း ဖူးမြော်ကြည်ညိုခွင့်ရရှိသည့်အတွက် ကုသိုလ်မင်္ဂလာတရားများ ဆည်းပူးခွင့်ရရှိပါကြောင်း ဝမ်းမြောက်စကား လျှောက်ထားအပ်ပါသည်ဘုရား။

ယနေ့ ကျင်းပသည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် သာသနကုံရ စာအောင်ဆုနှင့် ခမဲပြင် နိဗ္ဗာန်လမ်း ကျောက်ခင်းရန် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားလည်း ပါဝင်ကြောင်း သိရှိရပါသည်ဘုရား၊ ဆရာတော်ကြီးသည် ဘာသာရေး၊သာသနာရေးလုပ်ငန်းကို ထူးချွန်ပြောင်မြောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်း၊ ဝါဆိုပန်းကပ်လှူခြင်း၊ သာသနကုံရ စာအောင်ဆုနှင့် အောင်လက်မှတ်ကပ်လှူခြင်းနှင့် ပြည်လုံးချမ်းသာ ကျောက်လမ်းမကြီး အလှူငွေ စုပေါင်းရေစက်ချအခမ်းအနားသို့ တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကို အားရတင်းတိမ်တော်မမူသေးဘဲ ပြည်သူ့အကျိုးပြု၊ တိုင်းပြုပြည်ပြု လူမှုအကျိုးပြု လုပ်ငန်းများကိုလည်း သက်တော်ရွယ်တော်နှင့်မမျှ စိတ်အားထက်သန်စွာ ဆောင်ရွက်တော်မူနေသည်ကို တွေ့ရှိကြည်ညိုရပါသည် ဘုရား။

ဆရာတော်ကြီး၏ မွေးဖွားရာဇာတိဖြစ်သော နိဗ္ဗာန်ကျေးရွာတွင် ဆရာတော်ကိုယ်တိုင်ဦးစီး၍ ဆဒ္ဒန်ရတနာတံတားကြီး၊ သိရိဇေယျာတံတားငယ်၊ ပြည်လုံးချမ်းသာလမ်းနှင့် ဥယျာဉ်တော်ကြီးတို့ကို တည်ဆောက် ပြီးစီးခဲ့သဖြင့် ၂၀၀၄ခုနှစ် ဧပြီ ၂၉ရက်တွင် တံတားဖွင့်ပွဲ၊ လမ်းဖွင့်ပွဲ၊ ဥယျာဉ်တော်ကြီးဖွင့်ပွဲ အခမ်းအနားများသို့ တပည့်တော် ကိုယ်တိုင် တက်ရောက်ဆောင်ရွက်ပေးခဲ့ပါသည်ဘုရား။

ကျောက်ခင်းလမ်းအဆင့်တိုးမြှင့်

ယခုတစ်ဖန် ခမဲပြင် ဒေဝတာစံနန်းမှ သနပ်ပင်၊ ခရမ်း၊ သုံးခွလမ်းသို့ ဆက်သွယ်ပေးမည့် လေးမိုင်ငါးဖာလုံ ရှည်လျားသော ပြည်လုံး

၏ ဘွဲ့နာမည်ကို နိဗ္ဗာန်ရွာအမည် ထည့်သွင်းပြီး၍ **"နိဗ္ဗာန ပစ္စယ နာဂရာဇာ"**ဟူ၍ ဘွဲ့အမည်ပေးခဲ့ကြောင်း သိရှိရပါသည်ဘုရား။

တွေ့ရှိနိုင်သေး

ယခုတိုင်အောင်ပင် အဆိုပါဆင်ဖြူတော်ကြီး ရေချိုးခဲ့သည့် ဆင်ဖြူကန်နှင့် ဆင်ဖြူတော်ကို ရတနာဖောင်တော်သို့ တင်ဆောင်သည့် ဆင်ဖြူတော်ဆိပ်ကမ်းနှင့် ဆင်ဖြူဘုရားစသည့် သမိုင်းဝင် အထိမ်းအမှတ်များကိုလည်း နိဗ္ဗာန်ရွာ၌ လေ့လာတွေ့ရှိနိုင်ပါသေးသည် ဘုရား။

ဆရာတော်ကြီးသည် သက်တော် (၈၄)နှစ် အရွယ်တော်သို့ ရောက်ရှိနေသော်လည်း သာသနာ့တာဝန်၊ တိုင်းကျိုးပြည်ပြုတာဝန်များကို ဆောင်ရွက်တော်မူရာ၌ လုံ့လအားလျှော့ခြင်းမပြုဘဲ တောသုံးတောင်ကိုအစိုးရသော ခြင်္သေ့မင်းကဲ့သို့ အရှိန်အဟုန်ပြင်းစွာဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်တော်မူနေသည်ကို ဖူးတွေ့ကြည်ညိုရပါသည်ဘုရား။

ဆောင်ရွက်နိုင်ရန်အလို့ငှာ ဆရာတော်ကြီးအား အသက်ရာကျော်မကရှည်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ ဘုရားဟူ၍ လျှောက်ထားသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် သြဝါဒါစရိယ ရွှေကျင်နိကာယဉပဉက္ကဋ္ဌ မဟာနာယက ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဇောတိပါလမဟာထေရ်အား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်ဝါဆိုပန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်မှ သာသနကုံရ ပရိယတ္တိစာမေးပွဲ အောင်မြင်တော်မူကြသည့် စာအောင် သံဃာတော် ၃၂၇ပါးတို့အတွက် အောင်လက်မှတ်နှင့် စာအောင်ဆုများကို အလှူရှင် အဂ္ဂမဟာသိရိသုဓမ္မသိင်္ဂီ ဒေါ်ဆယ်က ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြည်လုံးချမ်းသာလမ်းမကြီး ကျောက်ခင်းရန် အလှူတော်ငွေ ပေးအပ်လှူဒါန်းခြင်း အစီအစဉ်ကိုကျင်းပရာ ရန်ကုန်မြို့မှ ဦးရိန်ဝင်း၊ ဒေါ်ခင်ချိုဦး မိသားစုက ငွေကျပ် ၁၈သိန်း၊ ပုဂံဟိုတယ်ပိုင်ရှင် ဒေါ်အေးမြနွယ်က ငွေကျပ် ၁၅သိန်း၊ ဦးကြင်ဝမ်-ဒေါ်လှသိန်း (ဂျူးသိန်းမိသားစု)နှင့် ရန်ကုန်မြို့မှ ဦးမင်းဟန်-ဒေါ်အေးအေး၊သား ကိုလှမင်းမိသားစုတို့က ငွေကျပ် ၁၀သိန်းစီ၊ ရန်ကုန်မြို့မှ ဦးမင်းကို-ဒေါ်စိုးစိုးဟန်တို့က ငွေကျပ် ၅၀၄၀၀၀၊ ပဲခူးမြို့မှ ဦးမြင့်စိန်-ဒေါ်လှကြည်(သီရိသုဓမ္မသိင်္ဂီ)၊ရန်ကုန်မြို့မှ ဦးရဲမြင့်၊ ဦးအောင်ကောင်း (ရဲနဒီ မော်တော်ကုမ္ပဏီလီမိတက်)နှင့်

မယမင်းဝင်းသန့်တို့က ငွေကျပ် ငါးသိန်းစီ၊ နိဗ္ဗာန်ရွာမှ သန်းကြွယ်ကဖိုး မိသားစုက ငွေကျပ်လေးသိန်း၊ ပဲခူးမြို့မှ ဦးမျိုးမြင့်-ဒေါ်ခင်ဌေးဝင်း မိသားစုကငွေကျပ် ၃၆၀၀၀၀၊ ရန်ကုန်မြို့မှ ဦးအေးကို-ဒေါ်နုနုခင်နှင့် သားသမီးများနှင့် ကွယ်လွန်သူ

ခမဲပြင်၊ သနပ်ပင်၊ ခရမ်း၊ သုံးခွလမ်းသို့ ဆက်သွယ်ပေးမည့် လေးမိုင်ငါးဖာလုံ ရှည်လျားသော ပြည်လုံးချမ်းသာ လမ်းမကြီးကို မြေသားလမ်းမှ ကျောက်ခင်းလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကျောက်ကျင်းပေါင်း ၄၅၀ ကျော်နှင့် ငွေကျပ် ၇၆သိန်းကျော် အကုန်အကျခံ၍ ဆောင်ရွက်လျက်ရှိ။

...တ်ဝိုင်းဆရာတော်ကြီးအား ဝါဆိုသင်္ကန်း ကပ်လှူ ...သုံးချမ်းသာလမ်းမကြီး ကျောက်ခင်းရန် အလှူငွေပေးအပ်

ဦးစိန်တီအား ရည်စူး၍ ဒေါ်ကျင်စိုး မိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ ပဲခူးမြို့မှ ဦးဆိုင်-ဒေါ်ဒေါင်း မိသားစုက ငွေကျပ် ၂၇၀၀၀၀၊ ပဲခူးမြို့မှ မိဘနှစ်ပါးအား ရည်စူး၍ သမီးချိုချိုလွင်၊ သား မောင်ဝင်းလွင်တို့က ငွေကျပ် ၂၆၀၀၀၀၊ ရန်ကုန်မြို့မှ ဦးသက်ထွန်းဌေး-ဒေါ်ခင်သန့်ဇင်၊ ဦးနေဝင်းထွန်း-ဒေါ်အေးအေးမြင့်၊ ဦးကျော်အောင်-ဒေါ်မူမူနှင့် ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့်တို့က ငွေကျပ်နှစ်သိန်းစီ၊ ရန်ကုန်မြို့မှ ဦးပါ-ဒေါ်တင်ကြည်တို့အား ရည်စူး၍ ဒေါ်သန်းသန်းက ငွေကျပ် ၁၈၀၀၀၀၊ ဦးအောင်ကျော်-ဒေါ်စိန် မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးပါ-ဒေါ်တင်ကြည်အား ရည်စူး၍ ဦးစိုးထွန်း-ဒေါ်အေးမာလာတို့က ငွေကျပ် ၁၈၀၀၀၀၊ ပဲခူးမြို့မှ ဦးလှမြင့်-ဒေါ်တင်ရီ မိသားစုက ငွေကျပ် ၁၂၆၀၀၀ နှင့် ရန်ကုန်မြို့မှ ဦးကျော်ဇင်အား ရည်စူး၍ ဒေါ်ရင်မင်း သားသမီးမြေးတစ်စုက ငွေကျပ် ၁၁၀၀၀၀ တို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက လက်ခံယူကြပြီး ဂုဏ်ပြုအနုမောဒနာလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ပရိသတ်များသည် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနမဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဇောတိပါလ မဟာထေရ်ထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အခမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပဲခူးမြို့ နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်ကြီး တည်ထားနေမှု၊ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အနားသို့ တက်ရောက်လာကြသော ပရိသတ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ နောင်တော်ကြီး မြသာလျောင်း ရုပ်ပွားတော်ကြီး တည်ထားနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နောင်တော်ကြီး မြသာလျောင်းရုပ်ပွားတော်ကြီး ယာယီ ဖူးမြော်ဆောင်၌ ဗုဒ္ဓရုပ်ပွားတော်အား ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

မြသာလျောင်းရုပ်ပွားတော်ကြီး

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်၊ သာသနာရေး

ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် မြန်မာမှုပညာရှင် ဦးအေးတို့က အမြင့်ငါးပေရှိ သလွန်တော်ပေါ်၌ အလျား ၂၄၃ပေ၊ အမြင့် ၆၃ပေရှိ နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်ကြီး တည်ထားနေမှုအခြေအနေ၊ အမာခံ တည်ဆောက်မှုလုပ်ငန်းများ၊ ၇၅ ရာခိုင်နှုန်းနှင့် မြန်မာမှုလုပ်ငန်းများ ၈၅ရာခိုင်နှုန်း ပြီးစီးနေမှုအခြေအနေ၊ ပြတိုက်၊ ဂန္ဓကုဋီ တန်ဆောင်းတော်ကြီး၊ မုခ်ဦးတော်တို့ တည်ဆောက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နောင်တော်ကြီး မြသာလျောင်း ဗုဒ္ဓရုပ်ပွားတော်ကြီး တည်ထားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ကမ္ဘောဇသာဒီနန်းတော်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ရာရှိ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ကမ္ဘောဇသာဒီ ရွှေနန်းတော်နေရာ၌ တူးဖော်တွေ့ရှိသော အေဒီ-၁၆ ရာစုနှစ်က နန်းတော်ဘုံပြာသာဒ်ပုံသဏ္ဌာန်များပါရှိသည့် ကျွန်းပြားကြီးကို ပြသ၍ ကမ္ဘောဇသာဒီ နန်းတော်ရာ၌ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော်နေရာ၌ တူးဖော်ရရှိသော အေဒီ-၁၆ရာစုနှစ်က နန်းတော်ဘုံပြာသာဒ်ပုံသဏ္ဌာန်များပါရှိသည့် ကျွန်းပြားကြီးကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးမြို့ ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတကျောင်းဆောင်တွင် ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတကျောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိသုဒ္ဓအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၈-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅ ၇။ ဆွာချောင်းရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၁၅ ၆။ အကပဒေသာ
၅:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
၅:၄၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၅၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆို၊ အကများ
၆:၀၀ ၁၀။ တေးသရုပ်ဖော်အစီအစဉ်
၆:၁၀ ၁၁။ Discovery.
၆:၂၀ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂူနုန်း"(အပိုင်း-၁၃)**
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၇:၁၅ ၁၆။ တေးဂီတအစီအစဉ်
၇:၂၅ ၁၇။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
၇:၄၀ ၁၈။ သစ်သီးဝလံ ပေါပြည့်ဝဆော ဥယျာဉ်ခြံမှာ (ကွဲကော)
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း-၁၁)**
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

✧ **သောဘနာရာမမှ**

လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ တပည့်ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပထမပိုင်းအစီအစဉ်ဖြစ်သည့် စိန်ရတနာစံကျောင်းတော်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ စံကျောင်းတော်ရှေ့၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် စံကျောင်းတော် အလှူရှင် ဦးဟုတ်စွီ-ဒေါ်ခင်စိန်တို့က စိန်ရတနာစံကျောင်းတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စိန်ရတနာစံကျောင်းတော် ကမ္ပည်းစာတန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖူးမြော်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စိန်ရတနာစံကျောင်းတော်အတွင်း၌ ကိန်းဝပ် စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး) ပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘန အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ဖြစ်သည့် ရေစက်ချမင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာရှိ ရှမ်းလေး မဟာဓမ္မဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပဲခူးတိုင်း ပဲခူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု စာသူငယ်ကျေးရွာရှိ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ စိန်ရတနာစံကျောင်းတော် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားနှင့် ပဌမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားတွင် စိန်ရတနာစံကျောင်းတော် ကမ္ပည်းစာတန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဝမ်းဘောဒတ်သာသနာ့ဝေပုလ္လကျောင်းဆရာတော် ဘဒ္ဒန္တဝိသာလအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ အလှူရှင်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရ စာသင်တိုက် ဆရာတော် သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး) ပဓာန နာယကဆရာတော်နှင့် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ (ပဲခူး) ဘက်စုံတည်ဆောက်ရေးအတွက် ပဌမအကြိမ်အလှူတော်ငွေပေးအပ်ပွဲကို ကျင်းပရာ စိန်ရတနာစံကျောင်း ဒါယကာ ရန်ကုန်မြို့ အလုံမြို့နယ် နှင်းဆီကုန်းလမ်းမှ မိခင်ဒေါ်တင်ယုအား ရည်စူး၍ သမီး ဒေါ်အေးအေးမြင့် (နိုင်ငံခြားရေးဝန်ကြီးဌာန) မိသားစုတို့က ငွေကျပ် ၃ဖသိန်းစီ၊ ဦးအောင်ကြိုင်-ဒေါ်အုံးမြင့်(မြသုံးလုံးဒန်သတ္တုလုပ်ငန်း)က ငွေကျပ် ၂ဖသိန်း၊ နှစ်ဖက်မိဖများအား အမှူးထား၍ ဦးမျိုးမြင့်-ဒေါ်သိန်းသိန်းဝင်း၊ သမီး မကလျာမျိုးမြင့်၊ မနွေနိုနိုဝင်း၊ သား ဘိုဘိုမျိုးမြင့်၊ ငြိမ်းကိုကို(Super Boy,Zarni)ယုဇနပလာဇာ၊ နှစ်ဖက်မိဘများအားရည်စူး၍ ဦးအောင်ငြိမ်း-ဒေါ်ခင်သန်းစိုး (ရွှေလဝင်းမုန့်ဟင်းခါး) မိသားစု သာကေတ၊ မိဘများအားရည်စူး၍ ရန်ကုန်မြို့ ရှုခင်းသာအိမ်ရာမှဦးဝင်းကို-ဒေါ်သက်သက်နှင့်ဒေါ်စောမြိုင်နှင့် နှစ်ဖက်မိဘများအမှူးထား၍ ရန်ကုန်မြို့ ပါရမီလမ်း ငွေကြာရံရိပ်သာမှ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) - ဒေါ်ခင်လှဝင်း၊ သား မောင်ကြည်မွန်ဦး၊ မောင်ဝင်းမွန် (ခေတ္တ-U.S.A)၊ သမီးမစန္ဒာမွန်၊ သား မောင်သူရထွန်း-မစောလဲ့မွန်မိသားစုတို့ကငွေကျပ်၂၅သိန်းစီ၊ ရန်ကုန်မြို့ ကြည့်မြင်တိုင် ရွှေဂုံသူအိမ်ရာမှ ဒေါ်သန်းသန်းဆင့်(ရွှေပုဇွန်ခြောက်ဆိုင်-သိမ်ကြီးဈေး)သားသမီးမြေးတစ်စု၊ ဦးကြည်လွင်-ဒေါ်အေး၊ သား မောင်သူရထွန်း(Seagull)မိသားစု၊ မိဘများအားရည်စူး၍ ရန်ကုန်မြို့ ရွှေဂုံတိုင် အေးချမ်းသာလမ်းမှ ဦးမြင့်သောင်း-ဒေါ်စိုးနွယ်နွယ်၊သားဒေါက်တာဝင်းကိုကိုသောင်း-ဒေါက်တာမေဦးခိုင်၊ ဒေါက်တာမင်းကိုကိုသောင်းမိသားစု၊ နှစ်ဖက်မိဘများ အမှူးထား၍ ရန်ကုန်မြို့ နတ်မောက်ရိပ်သာလမ်းမှ ဦးခင်မောင်ကြည်-ဒေါ်ဆန်းဆန်းလှ၊ သမီး အေးစုစုကြည်၊ သား အေးမောင်မောင်ကြည်၊ ဇေယျာကြည်မိသားစု၊ မြို့နယ်မှ ဒေါ်ကြင်လှိုင်မိသားစု ၊ ရန်ကုန်မြို့ အလုံမြို့နယ်မှ ဒေါက်တာ သန့်စင်-ဒေါက်တာ ဒေါ်စိန်စိန်မိသားစုတို့က ငွေကျပ်သိန်း၂၀စီ၊(ဦးအောင်သိန်း)-ဒေါ်သန်းသန်းအောင် (စည်တော်ဝန်းခရီးသွားလာရေးလုပ်ငန်း)မိသားစုက ငွေကျပ် ၁၄သိန်း၊ ရန်ကုန်မြို့မှ ဖခင် ဦးမောင်ဆိုင်အား ရည်စူး၍ ဒေါ်ကျင်ရွှေ(ပန်းပေါင်းစုံဆေးတိုက်)မိသားစု၊ ဘိုးဘွားမိဘများ အမှူးထား၍ ဇနီးအားရည်စူးပြီး ရန်ကုန်မြို့မှ ဦးလှကျော် (ရွှေလင်းယုံသက်န်းတိုက်)မိသားစု၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်မှ ဦးကျော်မြင့်-ဒေါ်စောကြူအား အမှူးထား၍ သား မောင်သန်းမြင့်၊ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်မှ ဦးဟိုက်ရုံ-ဒေါ်ထွေးအား ရည်စူး၍ သားသမီး မြေးတစ်စု၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်မှ ဦးထွန်းကျော်ဦး- ဒေါ်မြမြ ငွေ နှစ်ဖက်မိဘများ ဦးထိပ်ထား၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးတင်အောင်-ဒေါ်ယမင်းမြင့်၊ သမီး မဆုဝတီအောင် မိသားစုနှင့် ရန်ကုန်မြို့ ကန်တော်ကလေးမှ ဦးသိန်းဟန်-ဒေါ်ခင်ညွန့်မိသားစုတို့က ငွေကျပ် ၁၀၈၀၀၀၀ စီ၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်မှ ဒေါက်တာကြည်လွင်-ဒေါ်လှလှကြည် မိသားစု(ချမ်းအေးဆေးတိုက်)၊ ရန်ကုန်မြို့ ဒဂုံမြို့နယ်မှ ဦးဝင်းစိုး-ဒေါ်သီတာ၊ သမီးပွင့်ဖြူဝင်း၊ နှင်းဖြူဝင်းမိသားစု၊ ရန်ကုန်မြို့မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးအေးသိန်း- ဒေါ်ရီရီမြင့်၊ သား မောင်အာကာမိုးဦး၊ ဘိုဖြူမိုးဦး မိသားစုနှင့် ရှိုင်းဟုပ်မိသားစုဝင် ဒေါ်မြမြ၊ ဒေါ်လှလှ၊ အန်တီကောင်း၊ တူမ မွှေးမွှေး(မင်္ဂလာဈေး)တို့က ငွေကျပ် ၁၀သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် ဝန်ကြီးချုပ်

သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ရန်ကုန်မြို့ ကလေးဝတောရစာသင်တိုက် အာရာမာဓိပတိအဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသ၊ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး) ပဓာန နာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘန နှင့် ပင့်ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

သီလခံယူ

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကြ၍ အခမ်းအနားကို ဖွင့်လှစ်ပြီး သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး) ပဓာနနာယက ဆရာတော်ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တာသုတ်အစရှိသော ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဦးဟုတ်စွီ-ဒါယိကာမ ဒေါ်ခင်စိန်နှင့်သားသမီးမြေးများက ငွေကျပ် ၁၁၇၉သိန်း၊ ရန်ကုန်မြို့ ဘုရင့်နောင် ရှမ်းလေးပွဲရုံမှ ဦးတင့်လွင်-ဒေါ်ကြူကြူသင်း သားသမီးမြေးတစ်စုက ငွေကျပ်သိန်း၁၈၀၊ နှစ်ဖက်မိဘများ ခင်ပွန်းဦးမြင့်လေးနှင့် သမီး မတင်တင်စိန်အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းမှ ဒေါ်လှရီ သားသမီးမြေးတစ်စုက ငွေကျပ် သိန်း၈၀၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်း တိုးတက်လင်းကုမ္ပဏီမှ ဦးကြည်မျိုး-ဒေါ်ကြည်ကြည်လွင် သားသမီးတစ်စုက ငွေကျပ် ၇၇သိန်း၊ ရန်ကုန်မြို့မှ အလှူရှင်များဖြစ်ကြသော ဦးဘုန်းမြင့်-ဒေါ်လင်းမြင့် မိသားစု၊ ကပ္ပတိန် ထင်ကျော်-ဒေါ်ကြည်မြ သားသမီးမြေးတစ်စုနှင့် ကွယ်လွန်သူ ဦးအောင်မြင့်အားရည်စူး၍ ဒေါ်ရောက်ကြူနှင့် သားများ၊ (Crown) သကြားပွဲရုံတို့ကငွေကျပ် ၄၅သိန်းစီ၊ ရန်ကုန်မြို့မှ ဦးဇေယျာတင်-ဒေါ်ဝင်းရီ သမီး အိအိဇေယျာတင်မိသားစုက ငွေကျပ် သိန်း ၄၀၊ ရန်ကုန်မြို့မှ အလှူရှင်များဖြစ်ကြသော ဦးဘသွင်(အငြိမ်းစား သံအမတ်ကြီး)-ဒေါ်သိန်းတင်(ကထိက-ငြိမ်း)၊ သား ကိုလှိုင်မြင့်၊ ကိုဉာဏ်လင်း မိသားစုနှင့် နှစ်ဘက်ဘိုးဘွားများနှင့် ဖခင်ဦးအေး-ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်မှ ဦးမြင့်လွင်ခိုင်- ဒေါ်မြင့်မြင့်တင်၊ သား ဖြိုးဝေခိုင်၊ သမီး ခင်ဇာဖြူခိုင်(သိဒ္ဓိဗလရောင်စုံပုံနှိပ်တိုက်)မိသားစု၊ ဖခင် ဦးမောင်မောင်-မိခင်ဒေါ်စန်းကြည်အားရည်စူး၍ ရန်ကုန်မြို့ ကျောက်ကုန်း သီရိလမ်းမှ ဒေါက်တာစန်းမောင်-ဒေါ်ဝင်းမော်အောင် မိသားစု၊ မြိတ်မြို့မှ ဦးကျော်မင်း-ဒေါ်အေးအေးချို မိသားစု၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက်မှ ဦးမောင်တင်-ဒေါ်ဘီ မိသားစု၊ ဦးစင်ချိန်ဟင်း - ဒေါ်ခင်အေး မိသားစု (ပွင့်ဆန်းထရေးဒင်ကုမ္ပဏီ)၊ ရန်ကုန်မြို့ လသာမြို့နယ်မှ ဦးစိန်-ဒေါ်စွမ်တီမိသားစု၊ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်မှ ဦးနီ-ဒေါ်ကျင်လှ သားသမီးမြေးတစ်စု၊ ရန်ကုန်မြို့ ကန်တော်ကလေးမှ ဒေါ်စန်း၊ သမီး မအေးမာမိသားစု၊ နှစ်ဖက်မိဘများ အမှူးထား၍ ရန်ကုန်မြို့ ကန်တော်ကလေးမှ ဦးဝင်းမြင့်-ဒေါ်ခင်ဝင်းမူ မိသားစု၊အဘွားနှင့် နှစ်ဖက်မိဘများ အမှူးထား၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်မှ ကိုသိန်းမြင့်-မသွယ်သွယ်အောင်၊ သား ပြည့်ဖြိုးပိုင်၊ သမီး မစုစုဝေမိသားစု၊ ရန်ကုန်မြို့ ကျောက်မြောင်းမှ ဦးဝင်းအောင်ချစ်-ဒေါ်ခင်မျိုးမြတ်ကျော်၊ သမီး စနိုးချစ် မိသားစု၊ ရန်ကုန်မြို့ ကမာရွတ်

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် စံကျောင်းတော်အလှူရှင် ဦးဟုတ်စွီ-ဒေါ်ခင်စိန်တို့ သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ စိန်ရတနာစံကျောင်းတော်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက လက်ခံယူကြသည်။

ရေစက်သွန်းချ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်မြို့ ကလေးဝတောရ စာသင်တိုက် အာရာမာဓိပတိအဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

စာမျက်နှာ ၁၀ မှ

ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သည် သောဘနာရာမ ရွှေမင်းဝံ သာသနာ့ရိပ်သာ(ပဲခူး)၌ တည်ထားကိုးကွယ်မည့်"လိုပြည့်အေးချမ်းသာစေတီတော်" ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စေတီတော် တည်ဆောက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သောဘနာရာမရွှေမင်းဝံသာသနာ့ရိပ်သာ စိန်ရတနာ စံကျောင်းတော် ရေစက်ချမင်္ဂလာအခမ်းအနားနှင့် အလှူငွေ ပေးအပ်ပွဲအခမ်းအနားတွင် ဝမ်းဘောဒတ် သာသနာ့ ဝေပုလ္လကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိသာလအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သည် သောဘနာရာမ ရွှေမင်းဝံသာသနာ့ရိပ်သာ(ပဲခူး)မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာ သွားသည်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ရန်ကုန်-ပဲခူး ပြည်ထောင်စု လမ်းမကြီးပေါ်၌ တည်ထားကိုးကွယ်နေသည့် တမ္မလောဟ မဟာမုနိသွန်းတော်မူ ရုပ်ပွားတော်ကြီးတည်ထားနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတကျောင်းဆောင်သို့ သွားရောက်၍ ဓမ္မာလင်္ကာရ ဗုဒ္ဓရက္ခိတကျောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဝိသုဒ္ဓအား ဖူးမြော်ကြည်ညိုပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ရှင်းလင်းပြသ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တမ္မလောဟ မဟာမုနိ သွန်းတော်မူ ရုပ်ပွားတော်ကြီး တည်ထားမှုလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ်(ဗိသုကာ) ဦးသန့်ဇင်၊ ဒုတိယအင်ဂျင်နီယာချုပ် (စီမံကိန်း) ဦးညွန့်မောင်ဆန်းနှင့် မြန်မာမှုပညာရှင် ဦးရဲကျော်တို့က ဂန္ဓကုဋိတန်ဆောင်းတော်ကြီးနှင့် မုခ်ဦး တည်ဆောက်ရန် စီစဉ်ထားရှိမှု၊ ဂန္ဓကုဋိတန်ဆောင်းတော်ကြီး တည်ဆောက်နေမှုအခြေအနေများကို ပုံစံများဖြင့် ရှင်းလင်းပြသတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာမှုလုပ်ငန်းများကို ဟံသာဝတီခေတ် မြန်မာမှု အနုအလှများဖြင့် ခံ့ညားစွာ တည်ဆောက်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းစီမံပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တမ္မလောဟ မဟာမုနိ သွန်းတော်မူ ရုပ်ပွားတော်ကြီးနှင့် ဂန္ဓကုဋိတန်ဆောင်းတော် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြန်လည် ထွက်ခွာသွားသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တံတားထိန်းသိမ်းခြင်း လုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့ မအူပင်တံတားသို့သွားရောက်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ရေကြောင်းအချက်ပြအမှတ်အသားများ ထားရှိမှုနှင့် အစုန်အဆန်လမ်းကြောင်းများ ဘေးအန္တရာယ် ကင်းရှင်းမှု ရှိ-မရှိကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သတ်မှတ်ထားသော ရေကြောင်းပြ အမှတ်အသားအတိုင်း ခုတ်မောင်းကြရန်၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ၏ ရေလမ်းကြောင်းများကို စဉ်ဆက်မပြတ်စစ်ဆေးရန်၊ ရေလမ်းကြောင်းများ ပြောင်းလဲသတ်မှတ်ပေးမှုအပေါ် စည်းကမ်းတကျ လိုက်နာဆောင်ရွက်ကြရန်နှင့် စီမံကိန်းဝင် တံတားကြီးများအား ရေယာဉ်ကြီးများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး အတွက် စစ်ဆေးရေးနေရာများ သတ်မှတ်ပြီး ဆောင်ရွက်ကြရန်မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ညောင်တုန်း ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြပြီး ဗိုလ်မြတ်ထွန်းတံတား ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများ၊ သောင်တူးဖော်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောက်တိုဘာလတွင် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၈

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင်ကျင်းပမည်ဖြစ်ရာ ရတနာပြပွဲ၌ နိုင်ငံသားကျောက်မျက်လုပ်ငန်းရှင်များ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများကို ဩဂုတ် ၁ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ကျောက်မျက်ရတနာပြပွဲများ မကျင်းပသည့် ကြားကာလများတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ ကျောက်မျက်ရတနာများရောင်းချခြင်း၊ ပြည်ပတင်ပို့ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းအနေဖြင့် ဂျီတီစီစနစ် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်း/ဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၀၄ ခုနှစ် ဩဂုတ် ၁ရက်မှ စက်တင်ဘာ ၃၀ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေးကြပ်မတ်

ရန်ကုန် ဩဂုတ် ၈

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ သည် ကော်မတီဝင်များ ဖြစ်ကြသော ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဒုတိယ ဗိုလ်မှူးကြီးအောင်သူ၊ အမှတ်(၁) တပ်ထိန်းတပ်(လေ) တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအယ်ဇော်ရှန်း၊ ညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်နှင့် ဦးမျိုးညွှန့်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။

စစ်ဆေး

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက်၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဝိုးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ-မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၈-၈-၂၀၀၄)

ပုသိမ်	–	၅ ဒသမ ၇၅	လက်မ
မြောင်းမြ	–	၄ ဒသမ ၂၅	လက်မ
ထားဝယ်	–	၄ ဒသမ ၁၃	လက်မ
ဖောင်းတူ	–	၃ ဒသမ ၁၉	လက်မ
စစ်တွေ	–	၃ ဒသမ ၁၅	လက်မ
ရေး	–	၂ ဒသမ ၉၁	လက်မ

ဩဂုတ်လဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဩဂုတ် ၈

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။

မိုးအခြေအနေများမှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ရွာသွန်းမြဲခန့်ရွာမည်။

မြစ်ရေအခြေအနေများမှာ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ငါးပေခန့်၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် သုံးပေခန့် လက်ရှိရေမှတ်များထက် အသီးသီးမြင့်တက်နိုင်သော်လည်း စိုးရိမ်ရေမှတ်များကို ကျော်လွန်ရန်မရှိ။ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် သုံးပေခန့်နှင့် ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် လေးပေခန့် လက်ရှိရေမှတ်များအောက် အသီးသီးကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ခုနစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေခန့် လက်ရှိရေမှတ်များအထက် အသီးသီးမြင့်တက်နိုင်သော်လည်း စိုးရိမ်ရေမှတ်များကို ကျော်လွန်ရန်မရှိ။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိရမည်



※ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

※ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန။

ရွှေဥမင်တောရ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ဥူးကေသရ ပျံလွန်တော်မူ

ရန်ကုန် ဩဂုတ် ၈

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ရွှေဥမင်တောရစာသင်တိုက်၏ ဦးစီးပဓာန နာယက သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ ဥူးကေသရ သက်တော်(၉၉)နှစ်၊ ဝါတော်(၇၉)ဝါသည် ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ရက် ယနေ့နံနက် ၁နာရီခွဲတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန် ရစ်သော ရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ရက် (ဩဂုတ် ၁၄ရက်)တွင် အဂ္ဂိနစျာပနပူဇော်ပွဲသဘင်ဆင်ယင်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

တောင်သာမြို့နယ် တလိုင်းရပ် ရွာသစ်အထက ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၈

မန္တလေးတိုင်း တောင်သာမြို့နယ် တလိုင်းရပ် ရွာသစ်အထက်တန်းကျောင်း ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့မုခ်အနီးရှိ စက်မှု(၁)ခမ္မာရုံ၌ကျင်းပရာ တောင်သာမြို့နယ်အသင်းနာယက အမှတ်(၁)စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် အထူးဖိတ်ကြားထားသူများ၊ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ တောင်သာမြို့နယ်အသင်း အမှုဆောင်များနှင့် အသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ဆက်လက်၍ ဆရာကြီး ဆရာမကြီးများအား တစ်ဦးချင်းမိတ်ဆက်ပေးပြီး ကျောင်းသား၊ ကျောင်းသူ ဟောင်းများက ဂါရဝပြုပစ္စည်းများပေးအပ်ပြီးနောက် ဂါရဝပြုပူဇော်ကန်တော့ကြသည်။ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီးဦးမောင်တင်က ဩဝါဒစကားပြောကြားသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကန်တော့ခံဆရာကြီး ဦးမောင်တင်က ဆရာတော် ဦးအာလောက၏ ထေရုပ္ပတ္တိစာမူကို အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းထံ ပေးအပ်သည်။ ထို့နောက် ကျောင်းသူဟောင်း ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်နွဲ့က တလိုင်းရပ် ရွာသစ်အထက်တန်းကျောင်းအတွက် အလှူငွေကျပ် ၁၂သိန်း ခြောက်သောင်းကို ပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်က လက်ခံသည်။ အာလောကပညာသင်ဆု ငွေပဒေသာပင်စိုက်ထူရန်အတွက် ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီးတို့က လှူဒါန်းငွေကျပ် ၁၀သိန်းအပါအဝင် အလှူရှင်များ၏ အလှူငွေစာရင်းကိုကြေညာသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း တောင်သာမြို့နယ် တလိုင်းရပ် ရွာသစ် အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာ ပူဇော်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (စက်မှု-၁)

မြဝတီရုပ်မြင်သံကြားသို့ စက်ပစ္စည်းနှင့်အလှူငွေပေးအပ် EPL ဘောလုံးရာသီထုတ်လွှင့်မှု မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၈

Yangon Entertainment Co.,Ltd မှ မြဝတီရုပ်မြင်သံကြားသို့ စက်ပစ္စည်းနှင့် အလှူငွေပေးအပ်ခြင်းနှင့် English Premier League ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ တိုက်ရိုက်ထုတ်လွှင့်မှု မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် Myanmar Ballroom ၌ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးညိုဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ Yangon Entertainment Co.,Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှဝင်းနှင့် တာဝန်ရှိသူများ၊ စာနယ်ဇင်းအသီးသီးမှ သတင်းထောက်များနှင့် အားကစားကလောင်ရှင်များ၊ ရုပ်မြင်သံကြားကြော်ငြာ မီဒီယာများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ Yangon Entertainment Co.,Ltd မှ အထွေထွေမန်နေဂျာ ဦးသက်ချိုဦးက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက်အားကစားကလောင်ရှင် ဦးခင်မောင်ထွေးက English Premier League ပြိုင်ပွဲများ၏ သမိုင်းကြောင်းဆိုင်ရာများကို ရှင်းလင်း ပြောကြားပြီး City Foothall အစီအစဉ်မှ ဦးကြည်သာ (ပွဲကြိုက်ခင်)က English Premier League ပြိုင်ပွဲများအား မြန်မာပရိသတ်များ နှစ်သက်အားပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Yangon Entertainment Co.,Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှဝင်းက မြဝတီ ရုပ်မြင်သံကြားအတွက် Audio Visual Mixer စက်နှင့် အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် တပ်မှူး ဒုတိယဗိုလ်မှူးကြီး ချစ်ဆွေက လက်ခံယူသည်။

ကျေးဇူးတင်စကား

ယင်းနောက် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် တပ်မှူး ဒုတိယဗိုလ်မှူးကြီး ချစ်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် သတင်းထောက်များ၊ အားကစားကလောင်ရှင်များ၊ ဧည့်သည်တော်များက သိလိုသည်များမေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

Yangon Entertainment Co., Ltd မှ မြဝတီရုပ်မြင်သံကြားသို့ စက်ပစ္စည်းနှင့် အလှူငွေ ပေးအပ်ပွဲတွင် Yangon Entertainment Co., Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှဝင်းက မြဝတီ ရုပ်မြင်သံကြားအတွက် Audio Visual Mixer စက်နှင့် အလှူငွေကျပ် သုံးသိန်းတို့ကို ပေးအပ် လှူဒါန်းရာ တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် တပ်မှူး ဒုတိယ ဗိုလ်မှူးကြီး ချစ်ဆွေက လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်နယ်နှင့်တိုင်း လူသစ်တန်းဘောလုံးပြိုင်ပွဲ ဧရာဝတီတိုင်းအသင်း ဗိုလ်လုပွဲတက်

ရန်ကုန် ဩဂုတ် ၈

၂၀၀၄ခုနှစ် ပဉ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်းဘောလုံး ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ပုသိမ်ဇုန်၌ ဆက်လက် ကျင်းပသည်။

ပြိုင်ပွဲ၏ဒုတိယအကြိုဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းနှင့်မကွေးတိုင်းတို့ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းက ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ဧရာဝတီတိုင်းမှ သောင်းထွန်းလင်းက ရရှိသွားသည်။

ဗိုလ်လုပွဲ

ဗိုလ်လုပွဲကို ဩဂုတ် ၁၀ရက် ညနေ ၃နာရီတွင် ပုသိမ်ဇုန်၌ကျင်းပမည်ဖြစ်ရာ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ဝံသာနုသတင်းလွှာ အတွဲ(၁၃)အမှတ်(၁၆)ထုတ်ဝေ

ရန်ကုန် ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၊ မိုးဗြဲစပါးလယ်ကွင်း၏ အလှပုံရိပ်ကို ဖော်ကျူးထားသော "ရွှေရင်အေးတို့ ပျော်တဲ့မြေ" မျက်နှာဖုံးဖြင့် "ဝံသာနု" သတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၆)ကို ယနေ့ ထုတ်ဝေလိုက်သည်။

"ဝံသာနု" သတင်းလွှာတွင် ကမ္ဘာအကြီးဆုံး ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်၊ စင်ကာပူအကျဉ်းထောင်ရောက် မြန်မာအချို့၏ ဝန်ခံချက်များ၊ ကိုလူမင်း မင်္ဂလာသတင်း ဘယ်သူအစောဆုံးသိသလဲ၊ တစ်ဖက်နိုင်ငံသို့ သွားရောက်မည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားသုံးဦးနှင့် လိုက်ပါပို့ဆောင်သူ နှစ်ဦးအား တားဆီး၊ စမ်းချောင်း ကျွဲကောသီးဆိုင်နားက တရားမဝင် ဗီစီဒီအချပ်များ၊ မောင်ခိုနွားများတင်လာသော ရေယာဉ်၊ မင်းပြားမြို့နယ်မှ ဖမ်းဆီးရမိစသော ပြည်တွင်းသတင်းများနှင့် တိုနီဘလဲနှင့် အားပေးကြင်နာသူ လေဘာပါတီအမတ်များ၊ ပြောတော့လည်း ဘုရှ်ပါပဲ၊ ဆင်းရဲသားတွေရဲ့ဘဝကို စာနာသနားတယ်ဆိုသော ဗစ်တိုးရီးယားရဲ့ လီမာမြို့ ခရီးစဉ်၊ မွေးရာပါ အမြီးပေါက်လာသောကလေးငယ်၊ ထူးခြားတဲ့ ခွေးမောင်မယ်စကြဝဠာပြိုင်ပွဲ၊ ဖိလစ်ပိုင်အမျိုးသမီး ရဲကွန်မင်ဒို၊ အင်္ဂလန်အလှမယ်ရွေးချယ်ပွဲမှ အလှသရဖူဆောင်းသူက ဝမ်းသာလွန်းလို့ အပါအဝင် ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းရသများကို ပြည့်ပြည့်ဝဝဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ် (၄၁) ၂၉ လမ်း ရန်ကုန်မြို့က ယနေ့ ဖြန့်ချိလိုက်သည်။ (က-ပ)

ကွန်ပျူတာနည်းပညာ ပြပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၈

KMD ၏ ဩဂုတ်လ ကွန်ပျူတာနည်းပညာပြပွဲကို ဩဂုတ် ၁၅ရက်နေ့ လယ်ပိုင်းတွင် စထရင်းဟိုတယ် မင်္ဂလာခန်းမ၌ကျင်းပမည်ဖြစ်သည်။

ရင်းပြပွဲတွင် နောက်ဆုံးပေါ်ကွန်ပျူတာနည်းပညာများ၊ ကွန်ပျူတာနည်းပညာဆိုင်ရာ စာအုပ်များနှင့် လူသုံးများလာပြီဖြစ်သော သာမန် Notebook များထက် နာရီကြာရှည်စွာအသုံးပြုနိုင်သော Hp Centrino Notebook၊ သယ်ယူရလွယ်ကူပေ့ါပါးသည့်အပြင် PC နှင့်သာမက DVD, VCD, VCR များနှင့်ပါ တွဲဖက်အသုံးပြုနိုင်သော Toshiba Projector Graphics ပုံများအား အရည်အသွေးအပြည့်အဝ ထုတ်ပေးနိုင်သည့် Epson Photo Printer မြန်နှုန်းမြင့် lntel Processor များနှင့် စွမ်းဆောင်ရည်မြင့်မားသော Gigabyte Motherboard စသည်တို့ကိုပါ ခင်းကျင်းပြသမည်ဖြစ်သည်။

ထို့အပြင် ပြပွဲလာရောက်ကြည့်ရှုသူများအား lnternet ကို အခမဲ့သုံးစွဲခွင့်ပြုမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း-၂၄၅၁၈၀၊ ၃၈၁၇၇၆၊ ၂၀၄၀၇၁၊ ၂၄၃၅၉၅၊ ၅၀၀၂၉၅တို့တွင် ဆက်သွယ်မေးမြန်းနိုင်သည်။(က-ပ)

ရန်ကုန်မိုးရေချိန် (၈-၈-၂၀၀၄)

ကမ္ဘာအေး

၂ ဒသမ ၆၀ လက်မ

ရန်ကုန်မြို့လယ်

၂ ဒသမ ၂၈ လက်မ

မင်္ဂလာဒုံ

၂ ဒသမ ၂၈ လက်မ

The Trees တေးဂီတအဖွဲ့နှင့် အနုပညာရှင်များ (၄)နှစ်ပြည့် အထိမ်းအမှတ် အထွေထွေပဒေသာပင် ငွေကျပ်သုံးသိန်း နှစ်သောင်းငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်သို့ ဇူလိုင် ၂၉ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၄-၂၀၀၅ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် ဩဂုတ် ၈

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်သည်။

ကျေးရွာတိုင်း စာကြည့်တိုက်များဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်အောင်ကြိုးပမ်း

ရန်ကုန် သြဂုတ် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့်ထွက်ခွာလာပြီး ပဲခူးတိုင်းအတွင်းရှိ မြို့နယ်များနှင့် ကျေးရွာများသို့သွားရောက်ပြီး ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည်။

တွေ့ဆုံမှာကြား

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့နံနက် ၈နာရီခွဲတွင် ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ရုံးသို့ရောက်ရှိပြီး ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ဒိုက်ဦး၊ သနပ်ပင်နှင့်ကဝမြို့နယ်များမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး မြို့နယ် ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၀၄-၂၀၀၅ ခု ရည်မှန်းချက်တာဝန် ၁၀ရပ်တို့ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအလေးထား ဆောင်ရွက်ရန်၊ ကျေးရွာတိုင်းသို့ သတင်းစာ၊ ဂျာနယ်များ ရောက်ရှိရေး၊ ကျေးရွာတိုင်းတွင် ရုပ်မြင်သံကြား ဖမ်းစက်များ တပ်ဆင်ကြည့်ရှုနိုင်ရေး၊ နယ်လှည့်စာကြည့်တိုက်ကို မိမိဒေသ အတွင်းရှိ ကျေးရွာတိုင်းသို့ တစ်နှစ်တစ်ခေါက် မရောက်ရောက်အောင် သွားရောက်ဖွင့်လှစ်နိုင်ရေး မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၀နာရီတွင် ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

မြစ်ကျိုး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲပိုင်းတွင် ဝေါမြို့နယ် မြစ်ကျိုးကျေးရွာသို့ရောက်ရှိပြီး မြစ်ကျိုးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျေးရွာပြည်သူလူထုများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြစ်ကျိုးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ကျေးရွာအုပ်စုဆိုင်ရာ အချက်အလက်များကို တင်ပြပြီး ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့ရောညပါ တည်ဆောက်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ယခုအခါ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစသည့် လုပ်ငန်းများကိုအားလုံးနီးပါး တည်ဆောက်ပေးပြီး ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာရေးအတွက် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမလုပ်ငန်းစဉ်ဖြစ်သော အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ရာ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သို့သော် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက ညီလာခံကျင်းပခြင်း အပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည် ဖော်မှုများအပေါ် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားလျက်ရှိကြကြောင်း၊ သို့သော် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပါက မိမိတို့၏ ဆောင်ရွက်မှုများ အောင်မြင်မည်သာဖြစ်ကြောင်း၊ သို့ပါ၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြစ်ကျိုး အခြေခံပညာ အထက်တန်းကျောင်း-ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေကျပ်တစ်သိန်းနှင့် ကျောင်းသုံး ဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က မြစ်ကျိုး အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်အတွက် အလှူငွေကျပ် ငါးသောင်းကို လည်းကောင်း၊ ရောမင်းသိန်း(မန္တလေး)ဆောက်လုပ်ရေးကုမ္ပဏီမှ ညီအစ်ကို မောင်နှမများက မြစ်ကျိုး အခြေခံပညာ အထက်တန်းကျောင်း-ကျောင်းဆောင်သစ် အတွက် အလှူငွေကျပ်သုံးသိန်းကို ဦးအေးသိန်းက လည်းကောင်း၊ မြစ်ကျိုးကျေးရွာ စာကြည့်တိုက် ထူထောင်ဆောက်လုပ်ရန် အလှူငွေကျပ် ၄၅သိန်းကို ရောမင်းသိန်း(မန္တလေး) ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်နှင့် ဇနီး ဒေါ်မိုးစန္ဒာထွန်းတို့က လည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။ မြစ်ကျိုးကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာကို ကျေးရွာလူထုက စုပေါင်းလှူဒါန်းပြီး စာကြည့်တိုက် တစ်ထပ်အဆောက်အအုံကို ဒေသခံတစ်ဦးဖြစ်သော ရောမင်းသိန်းကုမ္ပဏီက ဆောက်လုပ်လှူဒါန်းမည်ဖြစ်ပြီး အဆောက်အအုံ ဆောက်လုပ်ပြီးစီးပါက စာကြည့်တိုက်အတွက် လိုအပ်သော စာအုပ်စာတမ်း၊ ပရိဘောဂနှင့် ဝန်ထမ်းများအား ပြန်ကြားရေးဝန်ကြီးဌာနက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေပိုင်းတွင် ကွေ့ကြီးကျေးရွာအုပ်စု မြကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျေးလက်ပြည်သူများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးက ကျေးရွာစာသင်ကျောင်း အပြီးသတ်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်ငါးသောင်းနှင့် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

ယင်းနောက် ရောမင်းသိန်း(မန္တလေး) ဆောက်လုပ်ရေးကုမ္ပဏီ မိသားစု ကိုယ်စား ဦးအေးသိန်းက ကျေးရွာစာသင်ကျောင်းအတွက် အလှူငွေ ကျပ်ငါးသောင်းကိုလည်းကောင်း၊ ရောမင်းသိန်း(မန္တလေး) ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်နှင့် ဇနီး ဒေါ်မိုးစန္ဒာထွန်းတို့က ကျေးရွာစာသင်ကျောင်းအတွက် အလှူငွေကျပ်ငါးသောင်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သြဂုတ် ၇ရက်က ဝေါမြို့နယ် မြစ်ကျိုးကျေးရွာ အထက်တန်းကျောင်းခန်းမတွင်ကျင်းပသော ကျေးလက်ပြည်သူလူထုများနှင့် တွေ့ဆုံပွဲတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သြဂုတ် ၇ရက်က ဝေါမြို့နယ် ကွေ့ကြီးကျေးရွာအုပ်စု မြကုန်းကျေးရွာ မူလတန်းကျောင်းတွင် ကျင်းပသော ကျေးလက်ပြည်သူလူထုများနှင့်တွေ့ဆုံပွဲတွင် ကျောင်းသုံးဖတ်စာအုပ်များ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၆၂) ဖြန့်ချိ

ရန်ကုန် သြဂုတ် ၈

နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၆၂)ကို ယနေ့ (တနင်္လာနေ့) ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်း ဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာ သတင်းဂျာနယ်၏ ယခု အပတ်ထုတ်တွင် နေတိုး၏ ဓာတ်ရုပ်၊ ကနေဒါနိုင်ငံအကြောင်း သိကောင်းစရာ၊ ဟီရိုရှီးမားနှစ်ပတ်လည်နေ့၊ တရားမဝင်သစ်ခုတ်လှဲမှု ကြီးလေးစွာပြစ်ဒဏ်ချမည့် အင်ဒိုနီးရှား၊ အမေရိကန်ရွေးကောက်ပွဲနှင့် အဝေးရောက် နိုင်ငံသားများ၊ ဗုဒ္ဓဟူးဂြိုဟ်လေ့လာရေးခရီး၊ အေသင်အိုလံပစ်လုံခြုံရေး စရိတ်စက၊ အာဖဂန်နစ္စတန်ဘိန်း ထုတ်လုပ်မှု၊ ဆော်ဒီအာရေဗျနိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အဆိပ်သင့်နေသော လေလှိုင်းများ၊ အင်အားခွဲခြားမှုရှိသော ကမ္ဘာ့စနစ်၊ လက်နက်ဖျက်သိမ်းရေးနှင့် အာဖဂန်ငြိမ်းချမ်းရေး၊ နိုင်ငံတကာဟာသ၊ ကျိုင်းကောင်ဘေးအန္တရာယ်၊ အမေရိကန်မြို့ကြီးများ လုံခြုံရေးတိုးမြှင့်၊ ဒါဖာပဋိပက္ခ ကုလသမဂ္ဂ ဆုံးဖြတ်ချက်၊ အီရတ် နောက်ဆုံးအခြေအနေ၊ ပါရာဝွေးဈေးကြီး မီးသင့်လောင်ကျွမ်းမှု၊ အကြမ်းဖက်မှု ရတက်မအေးသည့် ဥရောပနှင့် ဟာမစ်ကာဇိုင်း၏ နိုင်ငံရေးခြေလှမ်းစသည့် သတင်းများနှင့် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ (က-ပ)

လသာမြို့နယ် အမှတ် ၆၁၊ ၁၈လမ်းနေ မစန်းသီဂီက ဗိုဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင်တို့အတွက် အလှူတော်ငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးတင်မောင်ဝင်းရှုလိုင် ၂၃ရက်က လက်ခံယူစဉ်။ (က-ပ)

မိုးကုတ်တရားစခန်း

ရန်ကုန် သြဂုတ် ၈

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ပိဋကတစ်ပုံဆောင် ရွှေမြင့်မိုရ် ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇသိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ သြဂုတ် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ ဖြစ်စေ သြဂုတ် ၁၇ရက်အရောက် ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း) ရေကြောင်းအစုန်လမ်းတိုးချဲ့ ဖွင့်လှစ်ထားမည်

ရန်ကုန် သြဂုတ် ၈

ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း)ရေကြောင်းတွင် ရေယာဉ်များခုတ်မောင်းရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့် (၁၂)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၃)နှင့်(၁၄)အကြားမှလည်းကောင်း ဖွင့်လှစ်ထားခဲ့သည်။ ရေယာဉ်များ ဗိုလ်မြတ်ထွန်းတံတားသို့ အစုန်ဝင်ရောက်ဖြတ်သန်းရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ၂၀၀၄ခုနှစ် သြဂုတ် ၇ရက်မှစ၍ အစုန်လမ်းအဖြစ် မူလသတ်မှတ်ပေးထားသော ရေလယ်တိုင်အမှတ်(၁၃)နှင့် (၁၄)အကြားမှ အပြင် ရေလယ် တိုင်အမှတ်(၁၂)နှင့် (၁၃)အကြားကိုပါ အစုန်လမ်းအဖြစ် တိုးချဲ့ဖွင့်လှစ်မည်ဖြစ်သည်။ အဆန်လမ်းကိုမူ ပြောင်းလဲခြင်းမရှိဘဲ ရေလယ်တိုင်အမှတ်(၁၁)နှင့် (၁၂)အကြားမှပင် ဖွင့်လှစ်ထားမည်ဖြစ်သည်။

ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး မဝင်ရမည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသထားမည်။ ဝင်ပေါက်ရေလယ်တိုင်များတွင် မြား အမှတ်အသား ပြသထားမည်။ တံတားအောက်ခြေပိုင်တိုင် အုတ်ခုံအစွန်းများနှင့် မတိုက်မိစေရန် အုတ်ခုံအစွန်းများကို တံတားပေါင်ပေါ်မှနေ၍ အနီရောင်မြား ပြသထားမည်။

ဗိုလ်မြတ်ထွန်းတံတားရေကြောင်းမှ ရေယာဉ်များဖြတ်သန်းခုတ်မောင်းကြရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့အား ချိန်ဆပြီး လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းကြရန်နှင့် တွဲရေယာဉ်နှစ်စင်းတွဲမောင်းနှင်ခြင်းမပြုဘဲ တစ်စင်းချင်းတစ်တွဲချင်းမောင်းနှင်ကြရန်၊ ညအချိန် ရေယာဉ်များဖြတ်သန်းခြင်းမပြုရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

Air Con: Bus, Hotel & Restaurant
Ph:378547, 254250

ရွှေဘီးပျံ
Vertical Blind
H.P 095015863

ဆေးပင်
အကြောအားတိုးဆေး

OD TOUR အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးစဉ်
ပုဂံဘုရားစုံနှင့်စွယ်တော်လေးဆူ၊ ပုပ္ပား Aug 19
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း(တောင်ပြုံးပွဲ) Aug 24
မူဆယ်၊ ရွှေလီခရီးစဉ်များ Aug 20
ခရီးစဉ်တိုင်းကို ခရီးသည်အနည်းဆုံး(၁၅)ဦးပြည့်လျှင် စီစဉ်ပေးပါမည်။
မြို့တွင်း/ပြင် ခရီးမျိုးစုံအတွက် ကားမျိုးစုံငှားရမ်းနိုင်ပါသည်။
အကောင်းဆုံးဝန်ဆောင်မှုဖြင့်စိတ်ကျေနပ်မှုရှိစေရမည်။
52(A)၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ဖုန်း-၅၀၄၈၀၈-၅၃၇၆၇၂။

M.B.B.S, DMA

လေးပါးရာဇာ
သွေးတိုးကျဆေးပြား

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၃)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၈

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ်အတွဲ(၁)၊ အမှတ်(၁၃)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ဂျာနယ်တွင် ကြိမ်ချက်လုပ်သော ဓာတ်ဆီအစားထိုး လောင်စာဆီတစ်မျိုး မြန်မာပြည်တွင် အောင်မြင်စွာထုတ်လုပ်နိုင်ပြီ၊ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု အောင်မြင် လက်ရှိထုတ်လုပ်မှုပမာဏထက်နှစ်ဆယ့်ငါးဆခန့် ပိုမိုထုတ်နိုင်မည်ဟုဆို၊ ခြေထောက်ဆေးရည်စိမ်ကုသနည်းလူသိများလာ၊ မြန်မာ့မီးရထားသို့ ရထားစက်ခေါင်း ၁၀ခေါင်းနှင့် လူစီးတွဲများ အိန္ဒိယမှပေးပို့ကူညီမည်၊ ရန်ကုန်ကားဈေးကွက်အတွင်း အောက်ကားများအရောင်းအဝယ်ဖြစ်၊ ပွဲရုံလုပ်ငန်းရှင်တချို့ကားလောကတွင်ရင်းနှီးမြှုပ်နှံလာဟုဆို စသည့် ပြည်တွင်းပြည်ပစိတ်ဝင်စားဖွယ်ရာသတင်းများ၊ အပတ်စဉ်ပါနေကျ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင်ဈေးနှုန်းသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ အားလပ်ရက်အပန်းဖြေအညွှန်း၊နိုင်ငံတကာပညာရေး မိတ်ဆက်ကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားကာ e-Empire Media House ဖုန်း-၇၀၃၈၁၃၈က မြန်မာတစ်ပြည်လုံးသို့ဖြန့်ချိလိုက်သည်။

(က-ပ)

ခရီးသွား/ခရီးသွားလုပ်ငန်း ဆွေးနွေးခန်း
BOBCAT (U.S.A)
9 Am - 8 PM



FAME
Urocrush®
ဆီးကျောက်ပျော်ဆေး

Singapore Scholarship Programme
Insworld School, British Academic Excellence
GCE (O/A) Level, University Foundation Programme
Seminar : Grand Plaza Parkroyal Hotel
Date : 15 August 2004 (9:00 - 11:00 am)
12-01, Olympic Tower, BoAungKyaw Street
Tel : 243161, 256602

GCE
Commencing Date : August 2004
212357, 252821

Q . E . L . C
4 SKILLS ENGLISH (Basic)
AUG (9, 28, 30)
Intermediate 4 Skills. Aug (28)
English Skills Foundation. Aug(1)
IELTS, AUG (14, 28) / TOEFL, AUG (16) / Writing

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးဖြစ်သူ မခင်သက်ရှိန် [၁၂/မရက(နိုင်)၀၅၉၇၁၂] သည် ကျွန်တော်၏ဆိုးဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးထွန်းရှိန်[၁၂/မရက(နိုင်)၁၅၇၉၅၂]။

MOTHER LAND မှ
Plaster
(PAE)
Vinyl Silk Wall Covering
Steel
Plaster Cornice
Mother Land
Ph: 01-245029, 01-248912, Fax: 95-1-204058

ရက်တိုး DI
DI Customer များရဲ့တခဲနက်ဖယ်ယူအားပေးမှုကြောင့် DI Discount ဖိုးကို
(၇) ရက်ထပ်တိုးမြှင့် လျှော့ဈေးချပေးလိုက်ပြန်ပါပြီ။
ပစ္စည်းသစ်များကိုလည်း ထပ်မံထည့် လွှင့်ရောင်းချပေးထားပါသည်။
- ထပ်တိုးရက် > ၉.၈.၀၄ မှ ၁၅.၈.၀၄ ထိ
- ဆိုင်နေရာ > တိုက်သစ် ၁၅၅၊ မြေညီခမ်းမကျယ်၊ စမ်းချောင်းလမ်း၊စမ်းချောင်းမြို့နယ်။
ဖုန်း - ၅၁၀၉၁၃ ၊ ၅၂၆၀၂၆

ကျေးလက်လူနေမှုဘဝမြင့်မားရေး သာစည်၌ ကျေးလက်အိမ်ရာဆောက်လုပ်

သာစည် ဇူလိုင် ၂၉

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ လူနေမှုဘဝ မြင့်မားရေးအတွက် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် လှိုင်းတက်ကျေးရွာတွင် အိမ်ရာ ၁၀ လုံး၊ ရွာကြီးစံပြကျေးရွာတွင် ၁၈ လုံးတို့ကိုတည်ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၀၄- ၂၀၀၅ ခုနှစ်တွင်လည်း ကုန်းတောင်း ကျေးရွာ၌ အိမ်ရာအလုံး ၂၀ ကို ဆောက်လုပ်ပေးနိုင်ရေးအတွက် အမှုဆောင်အရာရှိ ဦးလှသောင်းသည် ဇူလိုင် ၂၃ ရက် နံနက်က ကုန်းတောင်းကျေးရွာသို့ သွားရောက်၍ မြေနေရာရွေးချယ်ခြင်း၊ ကျေးရွာလူထုနှင့်တွေ့ဆုံခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ **(၄၂၅)**



ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးသန်း ချင်းပြည်နယ် ရေဇွာမြို့နယ် မြို့ရေပေးရေး ရေလှောင်ကန်အား ဇူလိုင် ၂၃ ရက်တွင် စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသစဉ်။
(မြို့နယ်စည်ပင်)

ဝါးခယ်မမြို့သာယာလှပရေးဆောင်ရွက်

ဝါးခယ်မ ဇူလိုင် ၃၀

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် အင်ဂျင်နီယာများ၏ ကြီးကြပ်မှုဖြင့် မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ သန့်ရှင်းသာယာလှပစေရေးတို့အတွက် လမ်းများ ပြုပြင်ခြင်း၊ လမ်းဆိုင်းဘုတ်များ စိုက်ထူခြင်းကို ဇူလိုင် ၂၅ ရက်မှစတင်၍ လုပ်ကိုင်ဆောင်ရွက်ကြသည်။**(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ကြရာတွင် ဘုရားလမ်းရှိ လမ်းလယ်ကျွန်းနှင့် လမ်းဘေးစကြ်များ၊အခြားလမ်းများရှိ စကြ်များကို အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြုပြင်ဆောင်ရွက်ပေးခြင်း ဖြစ်သည်။ **(၁၈၂)**

သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲများကျင်းပမည်

ပခုက္ကူ ဩဂုတ် ၇

မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်းရွေခြင်္သေ့သမဝါယမအသင်း လီမိတက်က စုစည်း၍ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို စက်တင်ဘာ ၈ရက်မှ ၁၂ရက်ထိ ပခုက္ကူမြို့ အား/ကာခန်းမ၌ လည်းကောင်း၊ စက်တင်ဘာ ၂၅ရက်မှ ၂၉ရက်ထိ မကွေးမြို့ အားကစားခန်းမ၌လည်းကောင်း၊ အောက်တိုဘာ ၆ရက်မှ ၁၀ ရက်ထိ အောင်လံမြို့ အားကစားခန်းမ၌လည်းကောင်း နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သမဝါယမ ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖိုးလပြည့်ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီပြီး စားသောက်ကုန်များ၊ အလှကုန်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ပလတ်စတစ်နှင့်ဖိုင်ဘာပစ္စည်းများ၊ ရုံးသုံး၊ ကျောင်းသုံးစာရေးကိရိယာများ၊ စက်မှုလက်မှုနည်းပညာဆိုင်ရာပြခန်းများ၊ ပြည်တွင်းဖြစ်တိုင်းရင်းဆေးဝါးနှင့် နိုင်ငံခြားဆေးအမျိုးမျိုး၊ အိမ်အလှဆင်ပစ္စည်းများ၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင် ပစ္စည်းအမျိုးမျိုး၊ သမဝါယမအသင်းများမှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများကို ပြပွဲလာ ပြည်သူများအား အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။

ပြပွဲလာပြည်သူများအား အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြ ကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေးအစီအစဉ်များကို နေ့စဉ်အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုဝယ်ယူနိုင်မည်ဖြစ်သည်။

ပါဝင်ပြသလိုသော ကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်းရွေခြင်္သေ့သမဝါယမအသင်းလီမိတက်၊ အဆောင်(၂) မဟာကျော်ကုန်တိုက် သိမ်ကြီးဈေး(စီ)ရှေ့ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၈၀၀ (လိုင်းခွဲ) ၃၉၄၊ ၄၀၈၊ ရုံးချိန်ပြင်ပဖုန်း- ၆၃၅၂၆၄တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က-ပ)

အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် နီလာဈေးနှင့် ပတ္တမြားဈေးအတွင်းရှိ ရေမြောင်းများ ရေစီး ရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဇူလိုင် ၂၅ ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးတင်ရိုန်နှင့် ဈေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

စစ်ကိုင်းတိုင်း စည်ပင်ညွှန်မှူး လုပ်ငန်းစစ်ဆေး

ခင်ဦး ဇူလိုင် ၃၀

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့်အဖွဲ့သည် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ခင်ဦးမြို့ စည်ပင်ရုံးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၀၄ -၂၀၀၅ ခုနှစ် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်အောင်တို့က ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားသည်။

ခင်ဦးမြို့နယ် စည်ပင်အနေဖြင့် မြေသယ်ယာဉ်တစ်စီး ဝယ်ယူခြင်း၊ ကျေးလက် ပေ ၂၆၄၀ ရှည် မြေသားလမ်း၊ ပေ ၈၀၀ ရှည်သော ကျောက်ချောလမ်း၊ ကျေးရွာနှစ်ရွာတွင် ရေလှောင်ကွင်းနှစ်ကွင်း တူးဖော်ခြင်းတို့အား စုစုပေါင်း ငွေကျပ် ၇၅၇၅၀၀၀ အကုန်အကျခံ ဆောင်ရွက်မည်ဖြစ်ပြီး ပျိုးပင် ၂၇၀၀၀ ကျော်နှင့် စိုက်ပြီး တမာပင် ၇၀၀၀ တို့ကို စိုက်ပျိုးမည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မြတ်ဆရာပူဇော်ပွဲအလှူငွေပေးအပ်

မော်လမြိုင် ဩဂုတ် ၃

မွန်ပြည်နယ် မော်လမြိုင်မြို့အမှတ် (၁၀) အခြေခံပညာ အထက်တန်းကျောင်း ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် နှစ် (၅၀) ပြည့်ရွှေရတုအကြို ကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက်က မော်လမြိုင်မြို့အထက (၁၀) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာမြတ်ဆရာပူဇော်ပွဲကျင်းပရေးနာယက ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က အမှာစကား ပြောကြားပြီး ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးလှမင်းက အသေးစိတ် ညှိနှိုင်းဆွေးနွေးသည်။

ကျေးဇူးတင်စကားပြော

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ကျောင်းသားဟောင်း ဦးစိုးကျော်မိသားစုက ငွေကျပ်တစ်သိန်း၊ ကျောင်းသူဟောင်း ဒေါ်မြဝင်းကြည် မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးလှမင်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ပထမအကြိမ် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ **(၃၀၇)**

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေး

မိတ္ထီလာ ဩဂုတ် ၂

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း သား၊ သမီးများအား ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက်က မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ရဲရိပ်သာ အစည်းအဝေးခန်းမတွင်ကျင်းပသည်။

ထောက်ပံ့

ထို့နောက် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း လေးမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ သား၊ သမီးများ ဖြစ်ကြသော တက္ကသိုလ်မှ မူလတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၅၆၃ ဦးတို့အား ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စန်းလွင်က ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၉၁၃၇၀၀ ပေးအပ်သည်။

ခရိုင်ရဲတပ်ဖွဲ့ဝင်များ၏ ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲသို့ လေးမြို့နယ်မှ ရဲတပ်ဖွဲ့မှူးများ၊ ရဲတပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြသည်။ **(၁၁၁)**

ကျောင်းဝတ်စုံထောက်ပံ့

နွားထိုးကြီး ဇူလိုင် ၃၀

မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ကျောင်းသားလူငယ်များအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာပစ္စည်းထောက်ပံ့ပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်း အောင်သူရိန်ခန်းမတွင် ကျင်းပသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် မြို့နယ်ပညာရေးမှူး ဒေါ်သန်းရီတို့က အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌက ကျောင်းနေအရွယ် ကလေးငယ် ၆၀ ဦးအား ကျောင်းဝတ်စုံ၊ လွယ်အိတ်၊ ဗလာစာအုပ် ခဲတံနှင့် စာရေးကိရိယာများ ပေးအပ်လိုက်သည်။ **(၉၄)**

ဇူလိုင် ၂၄ ရက်က ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဝင်းထွဋ်တို့ အလျား ပေ ၇၀၊ အနံ ၁၄ ပေရှိ သံကွန်ကရစ်တိုင်သစ်သားကြမ်းခင်း သံဒင်းတံတား တည်ဆောက်မှု လုပ်ငန်းအား ကြီးကြပ်ဆောင်ရွက်စဉ်။
(မြို့နယ်ပြန်/ဆက်)



မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဆိပ်ငယ်ဈေးအတွင်း ဒု-ဦးစီးမှူး(ဈေး) ဦးအောင်ကိုဝင်းနှင့် ဝန်ထမ်းများ ဇူလိုင် ၂၅ ရက်က ရေမြောင်းများ ရှင်းလင်းခြင်း၊ ဈေးအတွင်း လမ်းများသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။
(မြို့နယ်ပြန်/ဆက်)

ကလေးဆေးရုံအဝင် သန့်ရှင်းရေးနှင့် ပန်းခြံသာယာလှပရေး ဆောင်ရွက်

ကလေး ဩဂုတ် ၆

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကလေးမြို့ ပြည်သူ့ဆေးရုံအဝင် လမ်းဘေးနှင့် ပတ်ဝန်းကျင်ရှိ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်၍ အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ပြည်သူ့ဆေးရုံဝင်းနှင့် ဘုရင့်နောင်လမ်းမကြီးဘေးရှိ အဖွဲ့မှပြုလုပ်ထားသော ပန်းခြံသာယာလှပရေးအတွက် ပေါင်းမြက်ရှင်း၍ ပန်းပင်များအား ပြုပြင်မွမ်းမံခြင်း၊ ပျိုးပင်များ ထုပ်ခြင်းတို့ကို ဩဂုတ် ၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

Augest မောင်နှမများ မွေးနေ့ဆုတောင်း

ဖေဖေ - ဦးထွန်းမြတ်ဦး (Laser Land)
မေမေ - ဒေါ်တင်တင်နွဲ့

မွေးနေ့ဆုမွန်လွှာ

၉-၈-၂၀၀၄ရက်နေ့တွင် ကျရောက်သည့် တစ်ဦးတည်းသော ချစ်သမီးလေး **ခင်မြတ်နိုးကျော်** VI (D) အထက(၁)ဒဂုံ၏ မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ချစ်ဖေဖေ၊ ချစ်မေမေ၊ ချစ်ကိုကိုတို့နှင့်အတူ ကျန်းမာ၊ ချမ်းသာပြီး အောင်မြင်ပြည့်စုံမှုများစွာကို ရယူပိုင်ဆိုင်၍ အေးချမ်းသာယာသော ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဖေဖေ-ဦးကျော်ကျော်ဝင်း(၂) (ဦးစီးအရာရှိ၊ အကောက်ခွန်)
ချစ်မေမေ-ဒေါ်သင်းသင်းလဲ့
ချစ်ကိုကို-ဖိုလ်လောင်းရဲရင့်ကျော် (D.S.T.A)။

GRACE TRAINING AND SERVICE CENTRE

9.8.04
☎ 707956

ELITE Engineering Group

4. Programmable Logic Controls (P.L.C)

"ရွှေ" ပညာသင်တန်း

Marketing ... Group

VACANCIES
(For local service only)

We are a leading marketing and distribution company and our principal a highly reputed Indian MNC, requires Sr. Medical Representatives for Yangon & Mandalay.

Sr. Medical Representative Male/Female (5-Posts) (for Yangon / Mandalay)

The person should be a Science Graduate with Biology and have minimum two year experience with a good pharmaceutical company. If you meet above requirements, a copy of labour registration card, please rush your CV within 7 days from this advertisement to GPO Box. 114, Yangon, Myanmar.

ဒေါ်မြတ်မြတ်နွယ်နှင့်ဒေါ်တင်တင်နွယ်ဟူ၍ နာမည်(၂)မျိုးဖြစ်သော်လည်း လူတစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်တင်တင်နွယ် [၁၀/မလမ(နိုင်)၀၈၇၃၃၇] အဘ ဦးလှုံစိန်(ခ) ဦးအေးမင်းနှင့် ဒေါ်မြတ်မြတ်နွယ် (အေဂျီ-၁၇၁၀၁၂) အဘ ဦးလှုံစိန်သည် တစ်ဦးတည်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်နွယ် [၁၀/မလမ(နိုင်)၀၈၇၃၃၇]
အမှတ်(၁-အေ/၁)၊ ပထမထပ်၊ အနော်ရထာအိမ်ရာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဦးခင်မောင်ဝင်း (TDI-၀၀၄၅၉၆)နှင့် အများသိစေရန်

ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)အထက်၊ အမှတ်(၂၇၀)၊ ပထမထပ်၊ ယာဘက်ခန်းနှင့် ကြိုးဖုန်း-၃၇၂၇၆၈တို့သည် လက်ထက်ပွားပစ္စည်းများဖြစ်ပါသည်။ ၎င်းတို့အား ရောင်းခြင်း၊ ငှားခြင်း၊ အမည်ပြောင်းလွှဲခြင်းများ မပြုလုပ်ရန် တားမြစ်လိုက်သည်၊ ပြုလုပ်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း။

ဒေါ်ရီရီကျော်
(TDI-၀၀၀၁၉၄)။

ရောင်းရန်

ပိန်းပန်းမျိုးကောင်းမျိုးသန့်အပင်အရွယ်အစားမျိုးစုံ၊ အဖိုးနှုန်းချိုသာစွာဖြင့်ရမည်။ လီလီပန်းအပင်များနှင့် INDOOR PLANT များလည်းရမည်။

အမှတ်(၃၁)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်။

ဒေါ်လှမေ (အေဒီ-၀၀၇၄၁၄)နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနက မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂)၊ မြေကွက်အမှတ်(၄၉၃ဒီ)၊ အာသာဝတီလမ်း၊ အလျား ၂၀ပေXအနံ၆၀ပေရှိ မြေကွက်ကို ဒေါ်လှမေ၊ ဒေါ်အုန်းမေ၊ ဦးလှရွှေ၊ မသန်းသန်းရီတို့အမည်ဖြင့် ၁၀-၉-၉၃နေ့မှစ၍ နှစ်(၆၀)မြေငှားဂရန် စာချုပ်အရ ခွင့်ပြုခဲ့ပါသည်။ ယင်းမြေကွက်ပေါ်တွင် နေအိမ်တစ်ဆောင်လည်းရှိပါသည်။ ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိနေအိမ်ကို ကျွန်မတို့၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ငှားရမ်းခြင်း၊ မေတ္တာရှိပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် ကန့်ကွက်ကြေညာအပ်ပါသည်။

ဒေါ်အုန်းမေ [၁၂/မဂတ(နိုင်)၀၆၇၄၇၁]
မသန်းသန်းရီ [၁၂/ပဘတ(နိုင်)၀၁၂၆၆၁]။

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) နှင့် FOREVER GROUP

အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်း

DIPLOMA IN COMPUTER ARTS (Dip.CA)

Forever Group

Specialized in "Character Animation & Advanced Media"
Level 1. Graphic Production for Exporting any Media (၂) လ
Level 2. Video/Audio Production, Motion Graphics & Visual Effects (၄) လ
Level 3. Character Animation & Advanced Media (၄) လ

Specialized in "Multimedia & Infocom Technology"
Level 1. Graphic Production for Exporting any Media (၂) လ
Level 2. Rich Media Content Creation, Interactive TV & Streaming Video (၄) လ
Level 3. Multimedia & Information Communication Technology (၄) လ

Public Holiday

Forever Group Co., Ltd.

Broadcast Studio
GlobeCaster All in One Studio Solution
Bagan Cybertech ၏ Broadband Internet/Intranet Facilities
Adobe
Design Solution "Adobe Creative Suite"
Web Designer
Rich Media Content Creator
Multimedia Developer
Information Age
On Job Training

MCC STANDARD Computer Centre
☑ Basic Windows Course, Office XP Course
☑ D.T.P Course, Graphic Design Course
☑ Web Design Course, E-mail & Internet Course
☑ Computerized Accounting, Programming, A+ Hardware Courses
☑ LCCI (Level I & II)
☑ English (4 skills) Course
☎ 578673, 09-80-23756

အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများအတွက်...

IDCS Diploma သင်တန်း၊

Course Contents
Computer Technology
Systems Development
Business Organisation
Business Communication
Programming Methods
Visual Basic .NET
Developing a Web Site
Multimedia

☑ ICT Professional

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း

လင်စင်းဆေးတောင့်

အစွမ်းထက်သော ကိုရီးယား ဂျင်စင်းဆေးမြစ်နှင့်အစွမ်းထက်သော တရုတ်လင်ဇီမှိုတို့ကို အချိုးကျ ပေါင်းစပ်ထုတ်လုပ်ထားသည့်အတွက် သွေးတိုး နှလုံး အသည်းရောဂါများကို ကာကွယ်ပျောက်ကင်းစေနိုင်သည့်အပြင် စိတ်ဖိစီးမှုဒဏ်ကို သက်သာမှုရရှိစေနိုင်ပြီး အားကစားသမားများအတွက်လည်း အမောလုံး သက်လုံကောင်းစေသော ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။

လင်ဇီချောင်းဆိုးပျောက်ဆေးရည်

တုတ်ကျွေးရောဂါနှင့်အတူ မှုတ်ပြီးဖြစ်ပွားတတ်သော ချောင်းဆိုးရောဂါအတွက် အထူးစီမံထုတ်လုပ်ထားပါသည်။

ဝယ်ယူရရှိနိုင်သောနေရာများ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအရောင်းဆိုင်များ

(၁) ရတနာအိမ်ရာအရောင်းဆိုင် (၉)မိုင်၊ ပြည်လမ်း ရန်ကုန်။ ဖုန်း ၀၁-၆၆၄၇၀၄

(၂) မြေပုံဒေသာအရောင်းဆိုင်၊ ဗဟန်း ရန်ကုန်။ ဖုန်း ၀၁-၅၄၄၄၆၈၀

(၃) ကော်ဖီကော်ရုံအရောင်းဆိုင်၊ ပြင်ဦးလွင်။ ဖုန်း ၀၈၅-၂၂၀၃၅ ၀၈၅-၂၂၈၉၁ ၀၈၅-၂၁၅၅၇

(၄) မျိုးစေ့ရွှေပြည်တော်အရောင်းဆိုင်၊ မြေပုံဒေသာကွင်း ရန်ကုန်။ ဖုန်း ၀၁-၅၄၄၇၆၇

(၅) ဒေသတာဝန်ခံရုံး မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း မန္တလေး ဖုန်း ၀၂-၈၀၁၇၂ ၊ ၀၂-၃၈၀၂၅

(၆) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအရောင်းဆိုင်၊ ရန်ကင်း ရန်ကုန်။

(၇) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအရောင်းဆိုင်၊ ဆူးလေဘုရားလမ်း ရန်ကုန်။ ဖုန်း ၀၁- ၂၇၂၂၀၅

(၈) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အရောင်းဆိုင်၊ ကုန်သည်လမ်း ရန်ကုန်။ ဖုန်း ၀၁-၂၀၁၅၅၆

(၉) ကြေးတိုင်နှင့် မြေတရင်းအရောင်းဆိုင်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁- ၂၉၅၄၀၅

ဆက်သွယ်ရန်
မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း
၉ - မိုင် ပြည်လမ်း ရန်ကုန်မြို့
ဖုန်း-၆၆၃၇၄၂ ၊ ၆၆၅၀၅၉

ဝမ်းနည်းကြေကွဲခြင်း

Mrs. Olive Pun (ခ) ဒေါ်အုန်းလှိုင်

အသက် (၉၂)နှစ်

SPA/FMI Group of Companies ၏ Chairman ဦးသိန်းဝေ (ခ) Mr. Serge Pun, CEO Mr. Martin Pun တို့၏
ချစ်လှစွာသောမိခင်ကြီး Mrs. Olive Pun (ခ) ဒေါ်အုန်းလှိုင်
ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ
ဝမ်းနည်းကြေကွဲရပါကြောင်း။

——— ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ

- Serge Pun & Associates (Myanmar) Ltd.
- First Myanmar Investment Co., Ltd.
- Yangon Land Co., Ltd.
- Yoma Bank Ltd.
- FMI Garden Development Ltd.
- FMI Syndication Ltd.
- Hlaing River Golf & Country Club Co., Ltd.
- Pun Hlaing Links (Thanlyin)
- Pun Hlaing Golf Club
- Pun Hlaing International Hospital Ltd.
- Grand Mee Ya Hta Executive Residences
- Wood Technologies Industries Ltd.
- Home Improvement Centre
- Shwe Thit Min Co., Ltd.
- SPA Motors
- SPA Motorcycle Ltd.
- SPA Project Management Ltd.
- Myanmar V-Pile Co. Ltd.
- Chinthe Concrete Co., Ltd.
- First Myanmar Construction
- Myanmar Nissan Co., Ltd.
- SPA Marketing
- Mercantile Management Services
- Shine Laundry Ltd.
- Safe Security & Services
- SPA Nursery
- Eden Landscaping
- SPA Elevators
- SPA Design
- Stamford-City Business Institute
- SPA Media
- HICOM Co., Ltd.
- GITE Pest Control
- ACB Carbon Board Factory

EXPRESS

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
အမှတ်(၅၆)၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
လျှောက်လွှာခေါ်ယူခြင်း

၁။ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်မှ အောက်ဖော်ပြပါဌာနများတွင် နည်းပြ (လစာနှုန်း ၅၄၀၀၀–၁၀၀၀–၅၉၀၀၀)ရာထူးနေရာများ လစ်လပ်လျက် ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာတင်သွင်းနိုင်ကြပါသည်။

(က) မြန်မာစာဌာန
(ခ) အင်္ဂလိပ်စာဌာန
(ဂ) ပါဠိသက္ကတဌာန
(ဃ) ဓာတုဗေဒဌာန
(င) ရူပဗေဒဌာန

၂။**လျှောက်ထားလိုသူများသည်–**

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၀၄ခုနှစ်၊ ဩဂုတ်လ ၃၁ရက်နေ့တွင် (၃၅)နှစ်၊ ဝန်ထမ်းဖြစ်ပါက (၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) အမှတ်စဉ်(ခ)ရာထူးအတွက်B.A (Hons) (English) ရရှိသူဖြစ်ရမည်။
(ဃ) ကျန်အမှတ်စဉ်များမှ ရာထူးများအတွက် အနိမ့်ဆုံးပညာအရည်အချင်းမှာ သက်ဆိုင်ရာ ဘာသာရပ်တွင် M.A, M.Sc ရရှိပြီးသူဖြစ်ရမည်။
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

၃။လျှောက်ထားလိုသူများသည် သတ်မှတ်ထားသော (လျှောက်လွှာပုံစံ)ကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဝန်ထမ်းရေးရာဌာနခွဲ၊ တိုင်းရင်းဆေးတက္ကသိုလ် မန္တလေးနှင့် ပြည်နယ်/တိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ရုံးများတွင် ဝယ်ယူလျှောက်ထားကြရမည်။

